# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၈၂)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် ၊ ၁၅-၉-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ် တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊

စာမျက်နှာ ၃ သို့



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping နှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၁၅ ရက်၊ တနင်္လာနေ့။

## ပြည်သူများအား ရှေးဦးပြုစုခြင်းအပါအဝင် အခန်းကဏ္ဍအသီးသီးမှ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိ

၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဆောင်ပုဒ်မှာ ဥတုဖောက်ပြန် သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန် FIRST AID AND CLIMATE CHANGE ဖြစ်သည်။ ရာသီ ဥတုဖောက်ပြန်ခြင်းကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ကြုံတွေ့လာနိုင်သော ထိခိုက်ဒဏ်ရာရရှိမှုများကို ရှေးဦးပြုစုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ဖော်ကျူးထားခြင်းဖြစ်သည်။

ရှေးဦးပြုစုခြင်းသည် ဆေးရုံမရောက်မီ အသက်ကယ်ကာသခြင်း (Pre Hospital Care)၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း။ ရှေးဦးပြုစုခြင်း (First Aid) ဖြင့် ကူညီပြုစုပေးပြီး ဆေးရုံကို ပို့ဆောင်ရာတွင် ဆေးရုံ၏ (Post Hospital Care)ကို များစွာအထောက်အကူဖြစ်ကြောင်း၊ လူနာများအတွက် ဒဏ်ရာအခြေအနေ ပိုမိုမဆိုးစေရန်နှင့် အသက်ရှင်သန်စေရန်လည်း အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို First Responder အဖြစ် ဆောင်ရွက်ပေးရုံသာမကဘဲ နိုင်ငံအတွင်းတွင် လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ကူညီခြင်း၊ စေတနာသွေးလှူရှင်လုပ်ငန်းများနှင့် အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ၊ မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်းကြိုတင်ပြင်ဆင်တုံ့ပြန်ခြင်းလုပ်ငန်းများအပြင် မန္တလေးငလျင်ကြီးတွင် ထိခိုက်ခံစားခဲ့ရသော ပြည်သူလူထုအတွက် ရှေးဦးပြုစုခြင်းအပါအဝင် အခန်းကဏ္ဍအသီးသီးမှ ပါဝင်ကူညီဆောင်ရွက်နေသည်ကို တွေ့မြင်ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဌာနချုပ်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ကြက်ခြေနီမောင်မယ်များအနေဖြင့် မိမိတို့ပိုင်နိုင်စွာ တတ်ကျွမ်းထားသော ရှေးဦးပြုစုခြင်း နည်းစနစ်များကို အများပြည်သူ လက်လှမ်းမီသိရှိ သင်ယူနိုင်စေရန်အတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အမှန်တကယ် လိုအပ်နေသည့် ပြည်သူလူထုလက်ထဲသို့ အချိန်မီရောက်ရှိစေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး စီမံခန့်ခွဲကြီးကြပ်ပေးရန် အလေးအနက်ထားပြောကြားလိုကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခါသမယတွင် အသင်းအဆင့်ဆင့် တာဝန်ရှိသူများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များအားလုံး ယခုထက်ပိုမိုပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးပြု လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.Nadia Khoury နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယဌာနေကိုယ်စားလှယ် Mr. Xavier Macquerh တို့က နှုတ်ခွန်းဆက်စကားပြောကြားကာ ရှေးဦးပြုစုခြင်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းအဖွဲ့များ ပူးပေါင်းပြီး ပြည်သူလူထုအတွက် ရှေးဦးပြုစုခြင်းအပါအဝင် အခန်းကဏ္ဍအသီးသီးမှ ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိပြီး သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်သူများကို နိုင်ငံတကာက ပေးသော အကူအညီအထောက်အပံ့များ ကူညီပံ့ပိုးရာတွင် အဆင်ပြေချောမွေ့စေရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၁၄**



မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီအသင်း၏ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၆/၂၀၂၅) သင်တန်းဆင်းပွဲကို အမှတ်(၁၇) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်၊ အလုပ်အမှုဆောင် ဦးချမ်းငြိမ်းအောင်၊ အောင်မြေသာစံခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး (တာဝန်) ဦးအောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါ်သက်မာဝင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီး ဦးအောင်မင်းဦး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ရှေးဦးပြုစုမယ် သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ပေးပို့သည့် သဝဏ်လွှာအား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက ဖတ်ကြားခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက "ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့" ဆောင်းပါးရှင် သီဟစည်သူ ရေးသားထားသည်အား ဖတ်ကြားခဲ့ပြီး မြို့နယ်ပညာရေးမှူးက အခြေခံပညာကျောင်းများတွင် အခြေခံရှေးဦးပြုစုနည်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် တက်ရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများက ရှေးဦးပြုစုခြင်း စွမ်းရည်ပြသခဲ့ပြီး ထူးချွန်သင်တန်းသားများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဌာနချုပ်အရာရှိ ခန့်အပ်လွှာ ရရှိသော အရာရှိများအား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက အရာရှိခန့်အပ်လွှာနှင့် အရာရှိ စိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက အများအတွက် ကြက်ခြေနီသီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၉၅)**

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးလျက်ရှိ

**ကန့်ဘလူ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အမှတ်(၃)ရပ်ကွက် ဦးစီးပဓာန နာယက (ငါးရှင့်ငါး ဆယ် ဆရာတော်) ဘဒ္ဒန္တဝါသဝ ၏ သာသနာ့အလင်းရောင်ကျောင်းတိုက်၌ ယနေ့ နံနက်ပိုင်းက ရဟန်းရှင်လူပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန ခုတင်(၁၀၀) ပြည်သူ့ဆေးရုံအုပ် ဒေါက်တာနေမိုးနှင့် အထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ နယ်မြေခံတပ်မှ ဆေးအဖွဲ့များက လာရောက်ပြသသူ လူနာများအား စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လိုအပ်သော ကုသမှုများဆောင်ရွက်ပေးပြီး ရောဂါဝေဒနာရှင်အလိုက် ဆေးဝါးများကို ပေးအပ်ခဲ့သည်။ **(အောက်ဝဲပုံ)**

အဆိုပါ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကန့်ဘလူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများပူးပေါင်း၍ ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များအား အပတ်စဉ်ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အသား၊ ငါးနှင့် စားအုန်းဆီများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ ရောင်းချသည့် အခြေခံစားသောက်ကုန်ပစ္စည်းများ၏ လက်ရှိပေါက်ဈေးအောက် ၂၀ ရာခိုင်နှုန်းလျှော့ချ၍ ဝက်သား ပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာ၊ စားအုန်းဆီ ပိဿာ ၁၁၀ ကို ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**သက်မောင်(ကျောက်ဆည်)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းကို လက်ခံတွေ့ဆုံ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းကို လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် စက်တင်ဘာ ၁၄

(၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းကို ယနေ့ ညနေပိုင်းတွင် နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုမြှင့်တင်နိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများ ဖြန့်ဝေပေးနိုင်ရေး၊ ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရေးညီအစ်မမြို့များ တည်ထောင်၍ မြို့နှစ်မြို့သာမက နှစ်နိုင်ငံ ကဏ္ဍစုံ ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်နိုင်ဝင်း၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူးနှင့်အတူ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာဝေတောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူးက နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာရှိ Chinese Hibiscus Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ လိုက်ပါသွားကြသည်။

### ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာ ကောင်စစ်ဝန်ချုပ်နှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

## The Cybersecurity & Privacy Chatbot Development ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

အာရှ-ပစိဖိတ် ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (အေပီတီ) Asia Pacific Tele Community ၏ ပံ့ပိုးမှုနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ဦးဆောင်ကျင်းပသည့် နိုင်ငံအဆင့် The Cybersecurity & Privacy Chatbot Development ပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးထွန်းခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဒိုင်အဖွဲ့ဝင် ဒေါက်တာအေးအေးသင်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် The Cybersecurity & Privacy Chatbot Development ပြိုင်ပွဲကို ပြိုင်ပွဲဝင်အဖွဲ့ ၁၀ ဖွဲ့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲဒုတိယပိုင်း အစီအစဉ်ကိုဆက်လက်ကျင်းပရာ အာရှ-ပစိဖိတ်ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်(အေပီတီ) အထွေထွေအတွင်းရေးမှူးချုပ် Dr.Masanori Kondo ၏ ဂုဏ်ပြုအမှာစကားကို ဗီဒီယိုပရိုဂျက်တာဖြင့် ပြသသည်။

### ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းဦးက အမှာစကားပြောကြားပြီး ဆုပေးပွဲကိုကျင်းပရာ Cybersecurity Chatbot Champion Award ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (UCSY) မှ Dev Greek အဖွဲ့ကလည်းကောင်း၊ Most Innovative Security Chatbot Award ဆုကို သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ( UIT ) မှ IT Pout Sa အဖွဲ့ကလည်းကောင်း၊ People's Choice Award ဆုကို STI College မှ Innolgniters @ STI က လည်းကောင်းရရှိရာ ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းဦးက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြိုင်ပွဲဝင် Top Ten Finalist နှင့် ပြိုင်ပွဲဝင်များအား Certificate of Achievement နှင့် Certificate of Participation ကို ပေးအပ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းဦးက အကဲဖြတ်ဒိုင်များနှင့် ပံ့ပိုးကူညီကြသည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။




ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဒေါက်တာမျိုးမျိုးနိုင်က ပြိုင်ပွဲနှင့် ဆုပေးပွဲ အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

မျိုးမင်းသူရ

# ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၀၃ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

**ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ လွှတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသည့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်(၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်(၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံး ရသူ အနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် (၅၆) နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀(စ)အရ ထုတ်ပြန်ကြေညာလိုက်သည် -

(က) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၅၆)နယ်

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | ကချင်ပြည်နယ် | |
| (၁) | ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ |
| (၂) | ဆော့လော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ |
| (၃) | ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ |
| (၄) | အင်ဂျန်းယန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ |
| | ကယားပြည်နယ် | |
| (၅) | ဖားဆောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ |
| (၆) | မယ်စဲ့မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ |
| (၇) | ရှားတောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ |
| | ချင်းပြည်နယ် | |
| (၈) | ပလက်ဝမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ |
| (၉) | မတူပီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ |
| (၁၀) | ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ |
| (၁၁) | မင်းတပ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ |
| | စစ်ကိုင်းတိုင်းဒေသကြီး | |
| (၁၂) | ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ |
| (၁၃) | အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ |
| (၁၄) | ပင်လည်ဘူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ |
| (၁၅) | မြောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ |
| (၁၆) | ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ |
| (၁၇) | ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ |
| (၁၈) | ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ |
| (၁၉) | တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ |
| (၂၀) | ခင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ |
| (၂၁) | ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ |
| | မကွေးတိုင်းဒေသကြီး | |
| (၂၂) | ဆောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ |
| (၂၃) | ထီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ |
| (၂၄) | ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ |
| (၂၅) | မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ |
| (၂၆) | ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ |
| | မန္တလေးတိုင်းဒေသကြီး | |
| (၂၇) | နွားထိုးကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ |
| (၂၈) | စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ |
| (၂၉) | မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ |
| | ရခိုင်ပြည်နယ် | |
| (၃၀) | ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ |
| (၃၁) | ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ |
| (၃၂) | ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ |
| (၃၃) | ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ |
| (၃၄) | ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ |
| (၃၅) | မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ |
| (၃၆) | ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ |
| (၃၇) | မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ |
| (၃၈) | မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ |
| (၃၉) | မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ |
| | ရှမ်းပြည်နယ် | |
| (၄၀) | ပန်ဆန်း(ပန်ခမ်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ |
| (၄၁) | နားဖန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ |
| (၄၂) | ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ |
| (၄၃) | မိုင်းမောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ |
| (၄၄) | ပန်ဝိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၅) | နမ့်ဆန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ |
| (၄၆) | မန်တုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ |
| (၄၇) | ကုန်းကြမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ |
| (၄၈) | လောက်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၉) | နမ္မတူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ |
| (၅၀) | ကွတ်ခိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ |
| (၅၁) | နမ့်ခမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၂) | မဘိမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၃) | မိုးမိတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ |
| (၅၄) | မိုင်းလားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ |
| (၅၅) | ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ |
| (၅၆) | သိန္နီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ |

( ခ ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ( ၉ ) နယ်

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | ကယားပြည်နယ်<br>အမျိုးသားလွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်) | |
| (၁) | မဲဆန္ဒနယ်အမှတ်(၅) | ဖားဆောင်းမြို့နယ်။ |
| (၂) | မဲဆန္ဒနယ်အမှတ်(၆) | မယ်စဲ့မြို့နယ်နှင့်ရှားတောမြို့နယ်။ |
| | ချင်းပြည်နယ်<br>အမျိုးသားလွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်) | |
| (၃) | မဲဆန္ဒနယ်အမှတ်(၂) | ပလက်ဝခရိုင်တစ်ခုလုံး။ |
| (၄) | မဲဆန္ဒနယ်အမှတ်(၄) | မတူပီခရိုင်တစ်ခုလုံး။ |
| (၅) | မဲဆန္ဒနယ်အမှတ်(၅) | မင်းတပ်ခရိုင်တစ်ခုလုံး။ |
| | ရခိုင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်) | |
| (၆) | မဲဆန္ဒနယ်အမှတ်(၄) | မောင်တောခရိုင်တစ်ခုလုံး။ |
| (၇) | မဲဆန္ဒနယ်အမှတ်(၅) | မြောက်ဦးခရိုင်တစ်ခုလုံး။ |
| | ရှမ်းပြည်နယ်<br>အမျိုးသားလွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်) | |
| (၈) | မဲဆန္ဒနယ်အမှတ်(၄) | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ |
| (၉) | မဲဆန္ဒနယ်အမှတ်(၅) | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ |

( ဂ ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်(၅၆) နယ်

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | ကချင်ပြည်နယ်လွှတ်တော်<br>( မဲအများဆုံးရသူအနိုင်ယူစနစ်) | |
| (၁) | ချီဖွေမြို့နယ် မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ |
| (၂) | ဆော့လော်မြို့နယ် မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ |
| (၃) | ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ |
| (၄) | အင်ဂျန်းယန်မြို့နယ် မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ |
| | ကယားပြည်နယ်လွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်) | |
| (၅) | ဖားဆောင်းမြို့နယ် မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ |
| (၆) | မယ်စဲ့မြို့နယ် မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ |
| (၇) | ရှားတောမြို့နယ် မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ |

စာမျက်နှာ ၅ သို့ »»

# လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၀၄ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

**လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၇/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များကို သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လွှတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် (၅၆)နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၄ - ၉ - ၂၀၂၅ ရက်စွဲပါ ကြေညာချက်အမှတ် (၁၀၃ /၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ သို့ဖြစ်၍ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် သက်ဆိုင်ရာမဲဆန္ဒနယ်များ၌ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အချိန်ပိုမိုရရှိစေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များကို အောက်ပါအတိုင်း ရက်တိုးမြှင့်၍ ပြင်ဆင်သတ်မှတ် ကြေညာလိုက်သည် -

| | | |
|---|---|---|
| (က) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင် တင်သွင်းနိုင်သည့် နေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် |
| ( ခ ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံး နေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် |
| ( ဂ ) | PR မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် အမည်စာရင်း တင်သွင်းလွှာကို ရုပ်သိမ်းပါက စတင် အစားထိုး ပြန်လည် တင်သွင်းရမည့် နေ့ရက်နှင့် နောက်ဆုံး နေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှ စက်တင်ဘာလ ၂၂ ရက် အထိ |
| (ဃ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရမည့် နောက်ဆုံး နေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် |
| ( င ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့် နေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှ အောက်တိုဘာလ ၄ ရက် အထိ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

»»» စာမျက်နှာ ၄ မှ

**ချင်းပြည်နယ်လွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၈) | ပလက်ဝမြို့နယ် မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ |
| (၉) | မတူပီမြို့နယ် မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ |
| (၁၀) | ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ |
| (၁၁) | မင်းတပ်မြို့နယ် မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၁၂) | ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ |
| (၁၃) | အင်းတော်မြို့နယ် မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ |
| (၁၄) | ပင်လည်ဘူးမြို့နယ် မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ |
| (၁၅) | မြောင်မြို့နယ် မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ |
| (၁၆) | ပုလဲမြို့နယ် မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ |
| (၁၇) | ယင်းမာပင်မြို့နယ် မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ |
| (၁၈) | ဒီပဲယင်းမြို့နယ် မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ |
| (၁၉) | တန့်ဆည်မြို့နယ် မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ |
| (၂၀) | ခင်ဦးမြို့နယ် မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ |
| (၂၁) | ဝက်လက်မြို့နယ် မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၂၂) | ဆောမြို့နယ် မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ |
| (၂၃) | ထီးလင်းမြို့နယ် မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ |
| (၂၄) | ပေါက်မြို့နယ် မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ |
| (၂၅) | မြိုင်မြို့နယ် မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ |
| (၂၆) | ရေစကြိုမြို့နယ် မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၂၇) | နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ |
| (၂၈) | စဉ့်ကူးမြို့နယ် မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ |
| (၂၉) | မိုးကုတ်မြို့နယ် မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ |

**ရခိုင်ပြည်နယ်လွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၃၀) | ရမ်းဗြဲမြို့နယ် မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ |
| (၃၁) | ပေါက်တောမြို့နယ် မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ |
| (၃၂) | ပုဏ္ဏားကျွန်းမြို့နယ် မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ |
| (၃၃) | ရသေ့တောင်မြို့နယ် မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ |
| (၃၄) | ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ |
| (၃၅) | မောင်တောမြို့နယ် မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ |
| (၃၆) | ကျောက်တော်မြို့နယ် မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ |
| (၃၇) | မင်းပြားမြို့နယ် မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ |
| (၃၈) | မြေပုံမြို့နယ် မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ |
| (၃၉) | မြောက်ဦးမြို့နယ် မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ |

**ရှမ်းပြည်နယ်လွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၄၀) | ပန်ဆန်း(ပန်ခမ်း)မြို့နယ် မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ |
| (၄၁) | နားဖန်းမြို့နယ် မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ |
| (၄၂) | ဟိုပန်မြို့နယ် မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ |
| (၄၃) | မိုင်းမောမြို့နယ် မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ |
| (၄၄) | ပန်ဝိုင်မြို့နယ် မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၅) | နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ |
| (၄၆) | မန်တုံမြို့နယ် မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ |
| (၄၇) | ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ |
| (၄၈) | လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၉) | နမ္မတူမြို့နယ် မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ |
| (၅၀) | ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ |
| (၅၁) | နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၂) | မဘိမ်းမြို့နယ် မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၃) | မိုးမိတ်မြို့နယ် မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ |
| (၅၄) | မိုင်းလားမြို့နယ် မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ |
| (၅၅) | ကွမ်းလုံမြို့နယ် မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ |
| (၅၆) | သိန္နီမြို့နယ် မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ |

၂။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျ ကိုယ်စားပြုစနစ်(PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်(PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဇိမာန်တော်ပေါ်က ပန်း(၁၀)မျိုး

ကျွန်တော်နှင့် ကျွန်တော့်ချစ်ဇနီးသည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ပိုင်ဆိုင်သည့် ရန်ကုန်-မန္တလေး ကားလမ်းနှင့် မဟာမုနိဘုရားကြီးလမ်းထောင့်တွင် တည်ရှိသော သုံးထပ်အဆောက်အအုံဖြစ်သည့် ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဇိမာန်သို့ ရောက်ခဲ့ဖူးပါသည်။

မြေညီထပ် အဝင်ဝ မျက်နှာစာတွင် ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဇိမာန်ဟု ရေးသားထားသည့် သစ်သားဆိုင်းဘုတ်ကြီးကို ခံ့ညားဝင့်ထည်စွာ စိုက်ထူထားသည်ကို တွေ့ရပါ၏။ မြေညီထပ် အလယ်ဗဟိုတွင် ကြိုဆိုရေးရုပ်တုကြီးက ဝင်လာသောသူများကို နှုတ်ခွန်းဆက်သယောင်နှင့် ခရီးဦးကြိုဆိုနေသည်ကို အသက်ဝင်လှစွာဖြင့် တွေ့ရပါ၏။

ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည် မြေညီထပ်ခန်းမအတွင်း လှည့်လည်ကြည့်ရှုသောအခါ သစ်ထွင်းပန်းပြားများ၊ မြန်မာ့သစ်သား ပွတ်လုံးထည်များ၊ ကျောက်စိမ်းထည်၊ ငွေထည်၊ ကြေးထည်၊ ဆင် စွယ်နှင့် နံ့သာဖြူပစ္စည်းများ၊ စဉ့်ထည်၊ စကျင်ကျောက်ထည်များ၊ ကျောက်ပုတီး၊ မြန်မာ့ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ ရွှေချည်ထိုးအမျိုးမျိုး၊ ရုပ်သေးအမျိုးမျိုး၊ ယွန်းထည်၊ ကျောက်ကာထည်များ၊ သားရေထည်၊ ပိုးထည်၊ ချည်ထည်၊ တိုင်းရင်းသားဝတ်စုံများကို စုံလင်စွာ တွေ့ခဲ့ရပါ၏။

ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဇိမာန် အဆောက်အအုံ၏ ပထမထပ်သို့ ဆက်လက်တက်သွားသောအခါ ရည်မှန်းချက်လို့ရေးပြီး ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်ကို စတင်တွေ့ရပါ၏။ ရည်မှန်းချက်ဆိုင်းဘုတ်ကို ဖတ်ကြည့်သောအခါ -

(၁) မြန်မာ့ရိုးရာ ဆယ်ပွင့်ပန်း ဆက်လက်ရှင်သန် ပြန့်ပွားစေရန်နှင့် မြန်မာ့လက်မှုအနုပညာပစ္စည်းဖြင့် ဂုဏ်ယူရန်။

(၂) မိမိတို့လူမျိုး၏ ရိုးရာဓလေ့၊ ဘာသာယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုး၍ လေးစားကြစေရန်။

(၃) မြန်မာ့လက်မှုအနုပညာပစ္စည်းထုတ်လုပ်ရောင်းချခြင်းဖြင့် ထုတ်လုပ်မှု ထပ်ပေါင်းတန်ဖိုး Value Added ရရှိ စေရန်ဟု ရေးသားထားသည်ကို မှတ်သားရပေသည်။

မြန်မာ့ရိုးရာ ဆယ်ပွင့်ပန်းမျိုးဖြစ်သော ပန်းပဲ၊ ပန်းထိမ်၊ ပန်းပု၊ ပန်းချီ၊ ပန်းယွန်း၊ ပန်းပွတ်၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်၊ ပန်းတဉ်းနှင့် အခြားလက်မှုပစ္စည်းတို့ကို လုပ်ကိုင်နေပုံနှင့် ထွက်ရှိသည့် ပစ္စည်းများကို ပန်းချီကားချပ်များနှင့်လည်းကောင်း၊ ရုပ်လုံး ရုပ်ကြွနှင့်လည်းကောင်း၊ ပန်းဆယ်မျိုး တစ်ခုချင်းစီ၏အဓိပ္ပာယ်များကိုလည်း ရုပ်ပုံနှင့်တကွ ဖော်ပြထားသည်ကို တွေ့ရပေသည်-

**(၁) ပန်းပဲ** (BLACK SMITH)

သံထည်ဖြင့် လူသုံး၊ လယ်ယာသုံးနှင့်အခြားဝတ္ထုပစ္စည်းများ ပြုလုပ်သည့် အတတ်ပညာ(သံချပ်ဝတ်တန်ဆာ၊ ဓား၊ လှံ၊ သံလျက်၊ ကွမ်းညှပ်၊ ကတ်ကြေး၊ တံစဉ် စသည်များ)

**(၂) ပန်းထိမ်** (GOLD / SILVER SMITH)

ရွှေထည်၊ ငွေထည်တို့ဖြင့် အနုစိတ်လက်ရာမြောက်စွာ အလှမွမ်းမံပြုလုပ်သည့် အတတ်ပညာ(ရှေးကျောက်စာများတွင် ပန်းထိမ်၊ ပန်းတျန်ဟူ၍ ရေးသားဖော်ပြသည်။ တျန်မှာ ရွှေ၊ ငွေသတ္တုကို အမွမ်းအပြောက်၊ သုခုမမြောက်အောင် ဖန်တီးခြင်းဟု အဓိပ္ပာယ်ရသည်။ (ရွှေ၊ ငွေ၊ လက်ဝတ်ရတနာပစ္စည်းများ)

**(၃) ပန်းပု** (WOOD / IVORY CARVING)

သစ်သား၊ ဆင်စွယ်၊ မြေစေး စသည်တို့ဖြင့် ရုပ်လုံး၊ ရုပ်ခုံး၊ ရုပ်ကြွသဏ္ဌာန်များ ထုလုပ်သည့် သုခုမအနုပညာ ပုံတူထုလုပ်ခြင်း မိတ္တူဖြင့်ထုလုပ်ခြင်း၊ (သစ်သားပန်းပု၊ ဆင်စွယ်ပန်းပု၊ ခြူးပန်း၊ ခြူးနွယ်၊ အတွန့်အလိပ်၊ ပန်းနွယ်၊ ပန်းခက်များ)

**(၄) ပန်းချီ** (PAINTING)

ကျောက်စာများတွင် 'ပန်းစီ' ဟုရေးသားဖော်ပြထားသည့် ပညာသည် မျက်မြင်အားဖြင့် သရုပ်ဖော်ရာ၌ တစ်ဖက်မြင် သရုပ်ဖော်ပညာရပ်ဖြစ်သည်။ ထိုမှတစ်ဆင့် လေးဖက်မြင် ပန်းပုပညာသို့ တိုးတက်လာသည်။ (ဘုရားပုထိုး၊ ဂူလိုဏ်၊ နံရံဆေးရေးပန်းချီကားများ၊ စက္ကူ၊ ဂျပ်၊ ပန်းချီကားချပ်များ)

**(၅) ပန်းယွန်း** (LACQUREWARE)

အဓိကဝါးနှင့် သစ်စေးကုန်ကြမ်းများဖြင့် ရက်လုပ်ပုံဖော်ရသည်။ ယွန်းထည်အတတ်ပညာလုပ်ငန်းသည် မိသားစုလုပ်ငန်းဖြစ်သည်။ ယွန်းထိုးခြင်းဆိုသည်မှာ သစ်စေးထည်ပေါ်တွင် သံကညစ်ဖြင့် လိုအပ်သည့် ပုံများရေးခြစ်ပြီး အရောင်သွင်းသည့် အတတ်ပညာကို ဆိုလိုသည်။ ပန်းယွန်းပညာကို မြန်မာနိုင်ငံ၏ မြန်မာ့ရိုးရာသုခုမအနုပညာရပ်အဖြစ် ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုသည်။

**(၆) ပွန်းပွတ်** (TURNERY)

သစ်သားကို ပွတ်ခုံ၍ လှပစွာ မွမ်းမံပြုလုပ်ထားသော ထီးသုံး၊ နန်းသုံးနှင့်တကွ လူ့အသုံးအဆောင်ပစ္စည်းများဖြစ်သော ကွမ်းကလပ်၊ ပန်းကလပ်၊ ဆွမ်းအုပ် စသည်တို့ ပြုလုပ်သည့် အတတ်ပညာဖြစ်သည်။

**(၇) ပန်းတော့** (CEMENT CARVING)

ဘုရားကျောင်းကန်တို့တွင် မုခ်ဦး၌ ပန်းဆွဲ၊ ပန်းစွယ်၊ ဒုရင်၊ ကြေးကွေး စသည်တို့နှင့်တကွ နတ်ရုပ်၊ ဘီလူးပန်းဆွဲ၊ ကိန္နရီ၊ ကိန္နရာ၊ ခြင်္သေ့ စသောအရုပ်များကို အင်္ဂတေဖြင့် ပုံပန်းဖော်၍ တန်ဆာဆင်ယင်သော အတတ်ပညာဖြစ်သည်။

**(၈) ပန်းတမော့** (STONE CARVING)

ကျောက်ကိုလှပအောင် ထွင်းထုပြုလုပ်မွမ်းမံသည့် အတတ်ပညာ၊ မွန်စကားကျောက်ကို တမော့ဟု သုံးနှုန်းသည်။ ယခုအခါ ကျောက်ဆစ်ပညာဟုခေါ်သည်။ (ဆင်းတုတော်များ၊ ကျောက်ဆစ်ရုပ်များ၊ ကျောက်စာတိုင်များ၊ မော်ကွန်းကမ္ပည်းများ)

**(၉) ပန်းရန်** (MASONRY)

အုတ်၊ အင်္ဂတေတို့ဖြင့် တည်ဆောက်သည့် အတတ်ပညာ၊ ဂူ၊ ကျောင်း၊ ပုထိုး၊ စေတီပေါ်များလှသော မြန်မာနိုင်ငံတွင် ပန်းရန်အတတ်ပညာသည် လွန်စွာတွင်ကျယ်လှသည်။

**(၁၀) ပန်းတဉ်း** (BRONZE CASTING)

ကြေးနီ၊ ကြေးဝါ၊ သတ္တုပစ္စည်းများဖြင့် ပြုလုပ်ထားသော အတတ်ပညာ ရှေးက ပန်းတျန်ပညာ၊ ယခုအခါ ပဒင်း၊ ကြေးပန်းထိမ်၊ ကြေးသွန်းလုပ်ငန်းဟု ခေါ်ကြသည်။ (ခေါင်းလောင်း၊ ကြေးစည်၊ လင်းကွင်း၊ ကြေးနောင်၊ စည်း၊ ဆည်းလည်း၊ စီးတော်၊ မောင်း စသည်) စင်စစ် မင်းတုန်းမင်းတရားကြီးလက်ထက်၊ ရတနာပုံမင်းနေပြည်တော်တည်ပြီးနောက် မြို့ကိုအကွက်ချတည်ထောင်ခဲ့ရာတွင် မြန်မာ့လက်မှုပညာလုပ်ငန်းများကို သီးခြားရပ်ကွက်များ သတ်မှတ်ပေးခဲ့ပါသည်။ ယနေ့ မန္တလေးမြို့တော်တွင် တွေ့ရှိနေရသော လက်မှုပညာလုပ်ငန်းများတည်ရှိရာ ရပ်ကွက်များသည် ရှေးယခင် မင်းနေပြည်တော်ရှိစဉ်ကအတိုင်းပင် ဆက်လက်တည်ရှိနေခြင်း ဖြစ်ပါသည်။

မြန်မာ့ရိုးရာ ပန်းဆယ်မျိုး ဆက်လက်ရှင်သန်ပြန့်ပွားစေရန်လည်းကောင်း၊ မျိုးဆက်သစ်လူငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးကို ပြည့်စုံစွာ လေ့လာမြင်တွေ့သိရှိ ချစ်မြတ်နိုးစေရန်လည်းကောင်း၊ မိမိတို့လူမျိုး၏ ရိုးရာဓလေ့ဘာသာယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုး၍ လေးစားကြစေရန်လည်းကောင်း ရည်ရွယ်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဇိမာန်တွင် မြန်မာ့ရိုးရာပန်းဆယ်မျိုးကို ပန်းချီကားများ၊ ရုပ်လုံး ရုပ်ကြွများနှင့် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပန်းဆယ်မျိုးပြခန်း ခင်းကျင်းပြသထားသည်ကို လေ့လာမှတ်သားခဲ့ရပေသည်။

ရတနာပူရလက်မှုနှင့် အနုပညာဇိမာန်၏ (၁၉၉၁-၁၉၉၂) ဘဏ္ဍာရေးလုပ်ငန်း အကောင်အထည်ဖော်မှု လက်ငင်းအရောင်းတန်ဖိုးကိုကြည့်လျှင် -

| | | |
|---|---|---|
| (၁) | **အမေရိကန်ဒေါ်လာ** | – ၃၃၃၂ ဒသမ ၀၀ |
| (၂) | **တရုတ်ယွမ်** | – ၁၃၁၅၄၆ ဒသမ ၉၃ |
| (၃) | **စတာလင်ပေါင်** | – ၂၀ ဒသမ ၀၀ |

ရှိကြောင်း လေ့လာတွေ့ရှိရပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ချစ်ဝိုင်း(ဥပဒေ)**

# လမ်းအရှိန်နှင့် ယာဉ်မောင်းခြင်း

ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ မြေလမ်းပါ။ အရှိန်- ကားမောင်း၊ အရှိန်- ဆိုင်ကယ်မောင်း၊ အရှိန်- ဆိုက်ကဲ့ပဲမောင်းမောင်း၊ ဆိုင်ကယ်ပဲမောင်းမောင်း လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။

မောင်းတဲ့နေရာမှာ ကတ္တရာလမ်းဖြစ်ရင် အရှိန်ကို ပုံပိုးပေးတဲ့သဘောရှိတယ်။ ကွန်ကရစ်လမ်းကျရင် အရှိန်နည်းနည်းပဲ ပုံပိုးရတယ်။ မြေလမ်းကတော့ အရှိန်မရပါဘူး။

အသွားအလာများတဲ့လမ်းတွေမှာ နီ၊ စိမ်း၊ ဝါ မီးနဲ့ သတိပေးအိုင်းပြားတွေ ရှိတယ်။ တချို့နေရာတွေမှာတော့ ယာဉ်ထိန်းတာဝန်ရှိသူတွေ ရှိတယ်။ အထူးသဖြင့် နီ၊ စိမ်း၊ ဝါ ရှိတဲ့နေရာတွေ တချို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ လျှော့နည်းကြတယ်။ အနီးဆိုရင် ရပ်ရမှာ သိလျက်နဲ့ ကားမောင်း၊ ဆိုင်ကယ်မောင်းသွားတာ တွေ့ဖူးတယ်။ အဲ့ဒီလောက် စည်းကမ်းပျက်တယ်။

အထူးသဖြင့် ဆိုင်ကယ်တွေ စည်းကမ်းပျက်တာ အများဆုံးတွေ့ရတယ်။ နီလည်း မောင်းချသွားတာပဲ။ လိုင်စင်မရှိတဲ့ ဆိုင်ကယ်တွေ၊ လူ လိုင်စင်မရှိတာတွေ တွေ့ရတယ်။ နောက်ကတင်လာတဲ့ ပစ္စည်းကျရင်လည်း ဘေးပဲ၊ ယာ တစ်ပေမက နေရာယူတာတွေ တွေ့ရတယ်။ စာရေးသူ သင်တန်းတက်တုန်းက နှစ်ယောက်ထက် ပိုမစီးရ၊ ကလေးရှေ့ကမထားရ၊ နောက်ဘီးအောက်ခြေက နေ တစ်ပေထက် မပိုစေရဆိုတဲ့ ဟောပြောတာတွေ နားထောင်ခဲ့ရတယ်။ လက်တွေ့မှာ တကယ်ကို စည်းကမ်းပျက်ကြတယ်။ သုံးယောက်လည်း တင်တာပဲ။ လေးယောက်စီးတာလည်း တွေ့ဖူးတယ်။ အလုပ်သမားအများစုက တချို့လိုင်စင်မပါကြဘူး။ လူလိုင်စင်လုပ်ကြဖို့ လိုအပ်တယ်။ လုပ်စေချင်တယ်။

ဆိုင်ကယ်တွေ အတိုက်များတာ တွေ့ရတယ်။ တိုက်နည်းကလည်း မျိုးစုံတယ်။ ဥပမာ- မြောက်မှလာတဲ့ ဆိုင်ကယ် တောင်လမ်းဆုံမရောက်ခင် အရှိန်မလျှော့ဘဲ မောင်းလာတယ်။ လမ်းပိုင်ဆိုင်မှုကတော့ မြောက်ကမောင်းရင် ညာကပ်မောင်း။ တောင်က မြောက်မောင်းရင်လည်း ညာကပ်မောင်း။ အရှိန်ပြင်းမောင်းလာတော့ လမ်းဆုံအကွေ့မှာ တိုက်ကြတယ်။ မြောက်ကစီးလာတဲ့ ဆိုင်ကယ်ကလည်း ညာကပ်မကွေ့။ တောင်ကစီးလာတဲ့ ဆိုင်ကယ်ကလည်း အနောက်ကွေ့မှာကို ညာဘက်ကပ်တော့ ဆိုင်ကယ်နှစ်စီး အရှိန်ပြင်းပြင်းနဲ့ တိုက်မိကြတယ်။ နှစ်ဖက်လုံး နာကြတယ်။ ဆိုင်ကယ်တွေ ချိုယွင်းကြတယ်။ တစ်ဦးနဲ့တစ်ဦး ညှိနှိုင်းပြီးသွားတယ်။ ရှိသေးတယ်။ နောက်ဆိုင်ကယ်က ရှေ့ဆိုင်ကယ်ကို ကျော်မယ်ဆိုရင် ဘယ်ဘက်က ကျော်ရမှာကို ညာဘက်က ဝင်ကျော်တာမျိုးရှိတယ်။ ဒါလည်း စည်းကမ်းပျက်တာပဲ။

နောက်ရှိသေးတယ်။ မြောက်ကလာတဲ့ ဆိုင်ကယ်က အရှေ့ကွေ့မယ်ဆိုရင် ကွေ့လမ်းညာကပ်ကွေ့ရမှာဖြစ်ပါလျက် မရောက်ခင်ကတည်းက မြောက်ကလာတဲ့ ညာကပ်ဆိုင်ကယ်က လမ်းအရှေ့ဘက်ကွေ့မရောက်ခင် ကူးတာတွေလည်း စည်းကမ်းပျက်တာ တွေ့ရတယ်။

ဒါကြောင့် အရေးကြီးတာ စည်းကမ်း၊ လိုက်နာရမှာ စည်းကမ်း၊ ကျင့်သုံးရမှာ စည်းကမ်းဖြစ်တဲ့အတွက် အန္တရာယ်ကင်းရေးအတွက် စည်းကမ်းလိုက်နာ ဘေးကင်းကျွာဆိုတဲ့ ဆောင်ပုဒ်အတိုင်း လိုက်နာကြပါလို့ မေတ္တာဖြင့် ရေးသားအပ်ပါသည်။

**ခင်မောင်(ငါန်းဇွန်)**

# မန္တလေးမြို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုလျှော့ချနိုင်ရေး ရေနှင့်သန့်ရှင်းမှုဌာန၏ မိုးရေစွန့်ထုတ်စက်ရုံများမှ ရေများစုပ်ထုတ်



**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးမြို့တွင် စက်တင်ဘာ ၁၃ ရက် ညပိုင်းမှ ၁၄ ရက် မွန်းလွဲပိုင်းအထိ မိုးရွာသွန်းခြင်းကြောင့် မြို့တွင်းလမ်းအချို့နှင့် မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေလွှမ်းမှုမရှိစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့် သန့်ရှင်းမှုဌာန၏ မိုးရေစွန့်ထုတ်စက်ရုံ လေးခုမှ ရေစုပ်စက်ကြီးများဖြင့် မောင်းနှင် စုပ်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

မန္တလေးမြို့တော်၏ အဓိက ရေထွက်ဖြစ်သည့် ရွှေခဲ MBCCD မိုးရေစွန့်ထုတ်စက်ရုံရှိ ရေမှတ်မှာ ပုံမှန်အခြေအနေထက် ၃ လက်မခန့် မြင့်တက်လာသဖြင့် စုစုပေါင်း ရေစုပ်ပန့် ၂၆ လုံးဖြင့် တစ်နာရီလျှင် မိုးရေဂါလန် သန်းပေါင်း ၁ ဒသမ ၈ သန်း (တစ်ရက်လျှင် ၃၆သန်း)နှုန်းဖြင့် စွန့်ထုတ်လျက်ရှိပြီး ယခုနှစ် မိုးရာသီအတွင်း စက်တင်ဘာ ၁၃ ရက်အထိ မိုးရေစုစုပေါင်း ဂါလန်သန်း ၃၅၀၀ ကျော် စွန့်ထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းဌာန တာဝန်ရှိသူတစ်ဦးက "ကျန်တဲ့နေရာတွေမှာလည်း ရေထိန်းတံခါးတွေ၊ ရေမှတ်တွေရဲ့အခြေအနေကို စောင့်ကြည့်နေပါတယ်။ ဇောင်းကလောနဲ့ ကပ်ကျော်မှာ ရေစီးဆင်းမှု အခြေအနေကောင်းပါတယ်။ သတ်မှတ်ရေမှတ်ထက် အများကြီး ထိုးတက်လာတာမျိုး မရှိသေးပါဘူး။ ၂၆ လမ်း သင်္ဂဇာစက်ရုံကတော့ အနီးနား မြေနိမ့်ရပ်ကွက်တွေ ရေဝင်လို့ မြန်မြန်ရေကျသွားအောင် စက်တွေနဲ့ မောင်းနှင် စုပ်ထုတ်ပေးနေပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ရွှေခဲ(MBCCD) ယာယီမိုးရေစွန့်ထုတ်စက်ရုံ၊ နဂါးနီးမိုးရေစွန့်ထုတ်စက်ရုံ၊ ၂၆ သင်္ဂဇာမိုးရေစွန့်ထုတ်စက်ရုံ၊ Detention Pond မိုးရေစွန့်ထုတ်စက်ရုံ စုစုပေါင်း မိုးရေစွန့်ထုတ်စက်ရုံ လေးခုမှ ရေစုပ်ပန့်များဖြင့် မိုးရေများ စွန့်ထုတ်လျက်ရှိပြီး မိုးရေချိန်များခြင်းနဲ့ ရေမြောင်းများတွင် အမှိုက်များ ပိတ်ဆို့မှုကြောင့်သာ ရပ်ကွက်အချို့နဲ့လမ်းအချို့မှာ ရေလျှံနေခြင်းဖြစ်ပါကြောင်း၊ ရေနှင့်သန့်ရှင်းမှုဌာနအနေဖြင့် အဓိက ရေမြောင်းကြီးများမှ ရေမှတ်ကို လျှော့ချနိုင်ရန် မိုးရေစွန့်ထုတ်စက်ရုံများ လည်ပတ်စုပ်ထုတ်ပေးနေကြောင်း သိရသည်။

"ရွှေခဲစက်ရုံကတော့ ပင်ရင်းဖြစ်လို့ ပန့်တွေ တောက်လျှောက်မောင်းထားပါတယ်။ ဇောင်းကလောရေထိန်းတံခါးကတော့ ရေစီးဆင်းမှုကောင်းပြီး ပုံမှန်အတိုင်း ၂ ပေခွဲခန့်သာရှိပါတယ်။ ရေမှတ် ၄ ပေအထက် မြင့်လာမှ မောင်းရမှာပါ။ မြောင်းတွေမှာ အမှိုက်သရိုက်တွေ ပိတ်နေပြီး ရေမဆင်းနိုင်လို့ သန့်ရှင်းရေးဌာနနဲ့ လမ်းတံတားဌာနက ကွင်းဆင်းစစ်ဆေးပြီး ရှင်းလင်းရေးတွေ ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မိုးရွာသွန်းမှုကြောင့် မြို့တွင်းလမ်းအချို့နှင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေလွှမ်းမှု မရှိစေရေးအတွက် သက်ဆိုင်ရာ ဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အများပြည်သူအနေဖြင့်လည်း ရေမြောင်းများအတွင်း အမှိုက်များ စွန့်ပစ်ခြင်းတို့ကို မပြုလုပ်ဘဲ စနစ်တကျ စွန့်ပစ်ကြရန် လိုအပ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## မန္တလေးမြို့တွင် မိုးသည်းထန်စွာ ရွာသွန်း

**မန္တလေး စက်တင်ဘာ ၁၄**

မြန်မာ့ရာသီဥတုတွင် မုတ်သုံလေဆုတ်ခွာမှု နီးချိန်ဖြစ်သည့်အလျောက် မန္တလေးမြို့တွင် စက်တင်ဘာ ၁၃ ရက် ညပိုင်းမှစ၍ ၁၄ ရက် မွန်းလွဲပိုင်းအထိ နေရာအနှံ့အပြား မိုးရွာသွန်းခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ)မှ သိရသည်။ **(အောက်ပုံ)**

အိန္ဒိယနိုင်ငံအရှေ့ပိုင်းနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် အနောက်လေပွေလှိုင်းများ ဖြတ်သန်းခြင်းနှင့်အတူ လေထုမတည်ငြိမ်မှုများကြောင့် မိုးထစ်ချုန်းရွာသွန်းခြင်းနှင့် ဒေသအလိုက် မိုးကြီးခဲ့ကြောင်း ယင်းဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

"မုတ်သုံဆုတ်ခွာချိန်နီးတဲ့အခါမှာ မိုးတိမ်တောင်ကြီးတွေ ပိုပြီး ဖြစ်ပေါ်တတ်ပါတယ်။ လာမယ့် စက်တင်ဘာ ၁၆ ရက်ကနေ ၂၀ ရက်အတွင်း အနောက်တောင်မုတ်သုံလေက မြန်မာနိုင်ငံမြောက်ပိုင်းဒေသကနေ စတင်ဆုတ်ခွာနိုင်ကြောင်း ခန့်မှန်းရပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ မိုးရွာသွန်းမှု၏ မိုးရေချိန်တိုင်းတာချက်များအရ ချမ်းအေးသာစံမြို့နယ်တွင် ၅ ဒသမ ၉၄ လက်မ၊ အောင်မြေသာစံမြို့နယ်တွင် ၅ ဒသမ ၃၉ လက်မနှင့် ချမ်းမြသာစည်မြို့နယ်တွင် ၂ ဒသမ ၃၂ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**





## သက်တန့်ရောင် သမဝါယမစီမံကိန်းဖြင့် ဆောင်းမြေပဲ စိုက်ပျိုးထားရှိမှု ကွင်းဆင်းဆောင်ရွက်

**မကွေး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်း မြေပဲစိုက်ဧက ၆၆ ဧကအတွက် သက်တန့်ရောင်စီမံကိန်းဖြင့် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှင့်ညီမျှသော မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးထားသည့် မကွေးမြို့နယ်၊ ကန်ပြားကျေးရွာ၊ ပျိုးခင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ဦးဝင်းနိုင်၏ ဆောင်းမြေပဲ(ဆွန်တာနီ)စိုက်ခင်းအား ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် အသင်းစုချုပ်၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် အသင်းစုတို့မှ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးက ကံပြားကျေးရွာ မွှာရုံတွင် ဆောင်းမြေပဲစိုက်ပျိုးသည့် အသင်းသားတောင်သူ ၄၃ ဦးနှင့် တွေ့ဆုံ၍ သက်တန့်ရောင်သမဝါယမစီမံကိန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)အနိုင်၊ အရှုံး NGB | | | | |
|---|---|---|---|---|
| ရိုးမား | ၀ | - | ၁ | တိုရီနို |
| အတ္တလန်တာ | ၄ | - | ၁ | လက်ချီ |
| ဆက်ဆူအိုလို | ၁ | - | ၀ | လာဇီယို |

| အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)အနိုင်၊ အရှုံး NGB | | | | |
|---|---|---|---|---|
| ဘန်လေ | ၀ | - | ၁ | လီဗာပူး |
| မန်စီးတီး | ၃ | - | ၀ | မန်ယူ |

# ပလင်းကမ်းသာယာဆင်စခန်းရှိ ဆင်များအား Online မှတစ်ဆင့် ဆက်သွယ်၍ ဆင်စာဘူဖေးကျွေးမှု အကြိမ်(၁၀၁၅) ရှိလာ

**ညောင်ဦး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊မြင်းခြံ-ပခုက္ကူကားလမ်းမကြီးဘေး၊ အနောက်ပလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ပလင်းကမ်းသာယာဆင်စခန်း၌ မြန်မာပြည်အရပ်ရပ်မှ ဆင်ချစ်သူများက Online မှတစ်ဆင့် ဆက်သွယ်၍ ဆင်စာဘူဖေးကျွေးမှု အကြိမ်(၁၀၁၅)ကျော်ရှိလာပြီဖြစ်ကြောင်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ရှိသူများထံမှ သိရသည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းတွင် မြန်မာပြည်အရပ်ရပ်ရှိ ဆင်ချစ်သူများက Online မှတစ်ဆင့် ဆင်စာဘူဖေး ကျွေးမွေးလှူဒါန်းလျက်ရှိရာ ဆင်စာဘူဖေးကျွေးသူ များပြားလာလျက်ရှိပြီး(၁၀၁၅)ကြိမ်အထိ ဆင်စာဘူဖေးကျွေးမှုများလာသည်။ နောက်ထပ်ကျွေးမွေးဖို့ Online မှလည်း ကြိုတင်ချိတ်ဆက်မှုများလည်း ရှိနေသေးကြောင်း ဆင်စခန်းမှ တာဝန်ရှိသူများက ပြောသည်။

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်စခန်း ၂၂ ခုအထိ ဖွင့်လှစ်ထားရှိထားပြီး ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းလိုပါက ဆင်စခန်းအမည်များနှင့် Page များတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဆင်စာအဖြစ် ကြံ၊ နေပီယာမြက်၊ ငှက်ပျောသီး၊ ဖရုံသီး၊ သခွားသီး၊ သရက်သီး၊ အုန်းသီး၊ ပြောင်းဖူးများကို အဓိကကျွေးကြကာ ရာသီပေါ်သီးနှံများကိုလည်း ကျွေးမွေးကြပြီး ဆင်စာဘူဖေးတစ်ခါကျွေးလျှင် ငွေကျပ်ငါးသောင်းမှ တစ်သိန်းအထိ လှူဒါန်းနိုင်ပြီး တစ်နေ့စာ ဆင်ခြောက်ကောင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းနိုင်ကြောင်း သိရသည်။

ပလင်းကမ်းသာယာဆင်စခန်းသို့ မလာရောက်နိုင်ပါက ဆင်စခန်း Page များမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ပလင်းကမ်းသာယာဆင်စခန်း တာဝန်ခံ လက်ထောက်မန်နေဂျာ ဦးချစ်ကိုကို ဖုန်း(၀၉-၂၅၆၃၂၅၀၉၉)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဆင်စာဘူဖေးကျွေးမှု (၁၀၀၄)ကြိမ် ရှိခဲ့ပြီဖြစ်ကြောင်း တောတောင် ရေမြေ သဘာဝ အခြေခံဖွင့်လှစ်ထားသည့် ဆင်စခန်းရှိ ဆင်များအတွက် အစာရေစာ မခက်ခဲကြောင်းလည်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ရှိသူများထံမှ သိရသည်။

**(အပေါ်ခဲပုံ)**

**(၄၈၁)**

## အရည်အသွေးဆိုင်ရာချိုးဖောက်မှုများကြောင့် အမေရိကန် လေကြောင်းအေဂျင်စီက ဘိုးအင်းကုမ္ပဏီကို ဒေါ်လာ ၃ ဒသမ ၁ သန်း ဒဏ်ငွေရိုက်မည်

ဝါရှင်တန် စက်တင်ဘာ ၁၄

၂၀၂၃ စက်တင်ဘာလမှ ၂၀၂၄ ဖေဖော်ဝါရီလအထိ လုံခြုံရေးဆိုင်ရာ ချိုးဖောက်မှုများကြောင့် ဖက်ဒရယ်လေကြောင်း ဦးစီးဌာန (အက်ဖ်အေအေ)က ဘိုးအင်းကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်း ဒဏ်ငွေရိုက်ရန် အဆိုပြုထားသည်။

ဝါရှင်တန်ပြည်နယ် ရက်တန်မြို့ရှိ ဘိုးအင်း၏ ၇၃၇ စက်ရုံနှင့် ကန်ဆက်ပြည်နယ် ဝီချီတာရှိ ဘိုးအင်း၏ကုမ္ပဏီခွဲဖြစ်သော စပရစ်အဲရိုစစ်စတန် ၇၃၇ စက်ရုံတို့တွင် အရည်အသွေးဆိုင်ရာ ချိုးဖောက်မှုပေါင်းများစွာကို တွေ့ရှိခဲ့ကြောင်း အက်ဖ်အေအေက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ချိုးဖောက်မှုများသည် အလက်စကာလေကြောင်းလိုင်း လေယာဉ်ပေါ်တွင်ဖြစ်ပေါ်ခဲ့သော မတော်တဆမှုနှင့်ဆက်စပ်နေကြောင်း ပို့ဆောင်ရေးအေဂျင်စီက ပြောသည်။

စက်တင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်သည့် ဖော်ပြချက်တွင် ဘိုးအင်းကုမ္ပဏီက အက်ဖ်အေအေမှ အဆိုပြုထားသည့် ပြည်သူ့ဒဏ်ကြေးအားပြန်လည်သုံးသပ်လျက်ရှိပြီး လုံခြုံရေးစီမံခန့်ခွဲမှုနှင့် အရည်အသွေး အာမခံမှုများမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ယမန်နှစ်ကတည်းက လုံခြုံရေးနှင့်အရည်အသွေး စီမံချက်တစ်ရပ်ကို အကောင်အထည်ဖော်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီအို အစ္စရေးသို့ရောက်ရှိ

ဂျေရုဆလင် စက်တင်ဘာ ၁၄

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီအိုသည် စက်တင်ဘာ ၁၄ ရက်တွင် အစ္စရေးသို့ရောက်ရှိလာသည်။

ကာတာနိုင်ငံ၌ အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုအပြီး ဒေသတွင်းတင်းမာမှုများ မြင့်တက်လာပြီး ဂါဇာဒေသတွင် အစ္စရေး၏ စစ်ရေးအရ တိုက်ခိုက်မှုမှာလည်း အရှိန်မြင့်လာသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးသည် ဟားမားစ်တို့ ဖမ်းဆီးထားသည့် ဓားစာခံများပြန်လွှတ်ပေးရေး အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် တွေ့ဆုံသွားရန် စီစဉ်ထားသည်။ ထို့ပြင် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ခွင့်ပြုနိုင်မည့်နည်းလမ်းများနှင့် အခြားသော ကိစ္စရပ်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်သည်။




အစ္စရေးတပ်ဖွဲ့သည် လူဦးရေ တစ်သန်းနီးပါးနေထိုင်သည့် ဂါဇာမြို့တွင် တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ မြို့မှအရပ်သားများအားလုံး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန်လည်း တောင်းဆိုထားသည်။ စက်တင်ဘာ ၁၃ ရက်က အစ္စရေးတို့၏လေကြောင်း တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း လေးဦး သေဆုံးခဲ့သည်ဟု ပါလက်စတိုင်းမီဒီယာတွင် ဖော်ပြထားသည်။ ထိုစဉ် လွန်ခဲ့သောသီတင်းပတ်အတွင်းက ဟားမားစ်အရာရှိများကို ပစ်မှတ်ထား၍ ကာတာနိုင်ငံမြို့တော်တွင် အစ္စရေးတို့က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ယင်းဖြစ်ရပ်ကိုတုံ့ပြန်သည့် အနေဖြင့် စက်တင်ဘာ ၁၄ ရက်တွင် အာရပ်နှင့်အစ္စလာမ္မစ်နိုင်ငံများ အရေးပေါ်အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ကာတာနိုင်ငံက ကြေညာခဲ့သည်။

အင်န်အိတ်ချ်ကေ

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ




## တရုတ်နိုင်ငံ စီချွမ်းပြည်နယ်၏ မြို့တော် ချန်တူးမြို့၌ ၂၀၂၅ ပန်ဒါအပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖိုရမ် ဖွင့်လှစ်

ပေကျင်း စက်တင်ဘာ ၁၄

တရုတ်နိုင်ငံ စီချွမ်းပြည်နယ်၏ မြို့တော် ချန်တူးမြို့၌ ၂၀၂၅ ခုနှစ် ပန်ဒါအပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖိုရမ်ကို စက်တင်ဘာ ၁၃ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ရုပ်ရှင်နှင့် ရုပ်သံလွှင့်လုပ်ငန်းများတွင် အနုပညာဆွေးနွေးဖလှယ်မှုနှင့် ပညာရှင်များ ဖလှယ်မှုမြှင့်တင်ရန် ကမ္ဘာတစ်ဝန်းမှ ကျွမ်းကျင်သူများ၊ နာမည်ကျော်များနှင့် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"ကွဲပြားခြားနားမှုများကြား သာယာနာပျော်ဖွယ်ရှိခြင်း၊ တစည်းတလုံးတည်းဖြစ်ခြင်း၌ အနာဂတ်" ဟူသော ဆောင်ပုဒ်ကို အဓိကထားသည့် ယင်းဖိုရမ်သည် ကွဲပြားခြားနားသော ယဉ်ကျေးမှုများကြား ဆွေးနွေးဖလှယ်မှုနှင့် အပြန်အလှန်သင်ယူမှုကို မြှင့်တင်ရန်၊ လူသားယဉ်ကျေးမှုများ၏ ကွဲပြားခြားနားမှုကို မြှင့်တင်ရန်နှင့် လူသားအားလုံးအတွက် ပူးတွဲအနာဂတ်အသိုက်အဝန်းတစ်ခုကို တည်ဆောက်ရန်အတွက် ပညာနှင့်ခွန်အားကို ပံ့ပိုးကူညီရန် ရည်ရွယ်ကြောင်း စီစဉ်သူများက ပြောကြားသည်။

ဆွစ်ဇာလန် သရုပ်ဆောင်နှင့် ဒါရိုက်တာ ဗင်းဆင့်ပေရက်ဇ်က ယင်းဖိုရမ်တွင် မိန့်ခွန်းပြောကြားရာ၌ ဘာသာစကား သို့မဟုတ် ဓလေ့ထုံးတမ်းများ ကွဲပြားခြားနားသော်လည်း ကမ္ဘာတစ်ဝန်းရှိ လူများကို ပေါင်းစည်းစေသည်မှာ မိမိတို့ အားလုံးအတူတူ ပိုင်ဆိုင်ထားကြသည့် အရာများဖြစ်ရာ ခံစားချက်၊ အမှန်တရားနှင့် အလှတရားအတွက် လိုအပ်ချက်၊ မတရားမှုကို ခံနိုင်ရည်ရှိခြင်း၊ မျှော်လင့်ချက်နှင့် ချစ်ခြင်းမေတ္တာတို့၏ စွမ်းအားပင်ဖြစ်သည်ဟု ရှင်းလင်းတင်ပြကြောင်း သိရသည်။

Mon

## ဈေးကွက်အခြေပြု ထုတ်လုပ်မှုအချက်အလက်များ ခွဲဝေချထားမှု ရွေ့ပြောင်းပြုပြင်ပြောင်းလဲရေး အစီအစဉ်များ ထုတ်ဖော်ပြသ

ပေကျင်း စက်တင်ဘာ ၁၄

တရုတ်နိုင်ငံသည် ဈေးကွက်အခြေပြု ထုတ်လုပ်မှုအချက်အလက်များ ခွဲဝေချထားမှုကို အဓိက ဒေသ ၁၀ ခုတွင် တိုးမြှင့်ရန်အတွက် ပြည့်စုံသော ရွှေ့ပြောင်းပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ယခင်အပတ်က ထုတ်ဖော်ပြသခဲ့ပြီး နိုင်ငံ၏ အဆင့်မြင့်ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်ရန်နှင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် နောက်ဆုံးကြိုးပမ်းမှုတစ်ခုအဖြစ် အရာရှိများနှင့် ကျွမ်းကျင်သူများက မှတ်ချက်ချခဲ့ကြောင်း သိရသည်။

ယင်းလုပ်ရပ်သည် အချက်အလက်များ ချောမွေ့စွာစီးဆင်းမှုကို ပိုမိုလွယ်ကူချောမွေ့စေရန်၊ အမျိုးမျိုးသော သယံဇာတများ၏ ထိရောက်သော ခွဲဝေချထားမှုကို တိုးတက်စေရန်နှင့် ဈေးကွက်၏ တက်ကြွမှုကို လှုံ့ဆော်ရန် ကူညီလိမ့်မည်ဟု ၎င်းတို့က ပြောကြားခဲ့သည်။

နိုင်ငံတော်ကောင်စီသည် ဗဟိုမြို့လယ်ခေါင်၊ တောင်ပိုင်းကျန် စုပြည်နယ်ရှိ အဓိကမြို့ကြီးများ၊ အန်ဟွေပြည်နယ်ရှိ ဟိုဖေးမြို့ပြဒေသ၊ ဟီနန်ပြည်နယ်ရှိ ကျန်းကျိုး၊ ချန်ရှာ-ကျူကျိုး-ရှန်တန်မြို့အစုအဝေးနှင့် ကွမ်တုန်း-ဟောင်ကောင်-မကာအို ပင်မကမ်းလွန်ဒေသရှိ မဟာပင်လယ်ကွေ့၏ မဟာကုန်းတွင်းပိုင်း မြို့ကြီးကိုးမြို့တို့အပါအဝင် ဒေသ ၁၀ ခုတွင် ထုတ်လုပ်မှုအချက်အလက်များ ဈေးကွက်အခြေပြု



ခွဲဝေချထားမှုကို တိုးမြှင့်ရန် နှစ်နှစ်တာ ရွှေ့ပြောင်းပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို စတင်ရန်အတွက် သဘောတူညီချက်ကို ဗဟိုက ထုတ်ပြန်ခဲ့သည်။

နောက်ဆုံးလုပ်ရပ်သည် အချက်အလက်ဈေးကွက်စနစ်နှင့် ဈေးကွက်ယန္တရားများကို ပိုမိုတိုးတက်စေရန်၊ အချက်အလက် သယံဇာတများ၏ ဒေသအချင်းချင်းနှင့် ကဏ္ဍအချင်းချင်း ချောမွေ့စွာ စီးဆင်းမှုကို မြှင့်တင်ရန်နှင့် သယံဇာတခွဲဝေချထားမှုတွင် ဈေးကွက်၏ အဆုံးအဖြတ်ပေးသည့် အခန်းကဏ္ဍကို အပြည့်အဝအသုံးချရန် ကူညီလိမ့်မည်ဟု အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌလီချွမ်လင်းက ပြောကြားကြောင်း သိရသည်။ Mon

## တာလီဘန်အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ရှားပါးသည့် ဆွေးနွေးပွဲအပြီး အမေရိကန်အရာရှိများ နှစ်ဖက်အကျဉ်းသားလဲလှယ်ရန် သဘောတူညီ

ကဘူးလ် စက်တင်ဘာ ၁၄

အမေရိကန်အရာရှိများသည် ကဘူးလ်မြို့တော်ရှိ တာလီဘန်အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ရှားပါးသည့် ဆွေးနွေးပွဲတစ်ရပ်အပြီးတွင် အကျဉ်းသားလဲလှယ်ရေးကို သဘောတူညီခဲ့သည်ဟု တာလီဘန်အုပ်ချုပ်ရေး၏ နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုကြောင်း သိရသည်။

ထရမ့်အစိုးရ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျဉ်းသားများ တုံ့ပြန်ရေးအတွက် အထူးကိုယ်စားလှယ်ဖြစ်



သူ အဒမ်ဘိုလာနှင့် အာဖဂန်နစ္စတန်ဆိုင်ရာ အမေရိကန်၏ အထူးကိုယ်စားလှယ်ဟောင်း ဇာလ်မေခါလီဇတ်တို့နှစ်ဦး တာလီဘန်နိုင်ငံခြားရေးဝန်ကြီး အမီးခန်မွတ်တာကီနှင့် တွေ့ဆုံခဲ့ကြသည်။

"အာဖဂန်နစ္စတန်နှင့် အမေရိကန်ပြည်ထောင်စုအကြား ဖမ်းဆီးထိန်းသိမ်းခံထားရသော နိုင်ငံသားများကိစ္စနှင့်ပတ်သက်၍ အဒမ်ဘိုလာက နှစ်ဖက်အကျဉ်းသားများ လဲလှယ်ကြမည်ဟု ပြောကြားခဲ့သည်" ဟု အာဖဂန် ဒုတိယသမ္မတရုံးက ၎င်းတို့တွေ့ဆုံပြီးနောက် ထုတ်ပြန်ကြေညာသည်။ အမေရိကန်နိုင်ငံသားဖြစ်သူနှင့် ကဘူးလ်မြို့တွင် တယ်လီကွန်းကုမ္ပဏီတစ်ခုအတွက် ယခင်ကအလုပ်လုပ်ခဲ့ဖူးသူ စီးပွားရေးလုပ်ငန်းရှင် မာမွတ်ဟာဘီဘီသည် အမေရိကန်ဘက်မှ အမြင့်ဆုံးအဆင့်ဖြင့် ဖမ်းဆီးခံထားရသူဖြစ်သည်။

၎င်းကိုရှာဖွေရန် သတင်းအချက်အလက်ပေးသူကို အမေရိကန်က ဒေါ်လာငါးသန်း ဆုကြေးငွေပေးရန် ကမ်းလှမ်းထားပြီး တာလီဘန်အာဏာပိုင်များကမူ ၎င်း၏ ၂၀၂၂ ခုနှစ်က ပျောက်ကွယ်မှုတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားကြောင်း သိရသည်။

Mon



# လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြော

**တောင်တွင်းကြီး စက်တင်ဘာ ၁၄**

ကျောင်းသား၊ ကျောင်းသူ လူငယ်များ လူကုန်ကူးမှုအန္တရာယ် အကြောင်း သိရှိနိုင်စေရန် ရည်ရွယ်၍ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာနတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးမှု ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ လူကုန်ကူးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် သတိပြုရမည့်အချက်များ၊ လူကုန်ကူးရာတွင်အသုံးပြုသည့် နည်းလမ်းများနှင့် ဖြစ်စဉ်များ၊ လူကုန်ကူးပါက ကျခံရမည့် ပြစ်မှုနှင့် ပြစ်ဒဏ်များ၊လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေများအကြောင်း၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ရာတွင် တရားမဝင်သွားရောက်ခြင်း၏ ဆိုးကျိုးများ၊ တရားဝင်သွားရောက်ခြင်း၏ ကောင်းကျိုးများနှင့်ပတ်သက်၍ ဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြို့မအခြေခံပညာအလယ်တန်းကျောင်း Grade-7 မှ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

# မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

**မင်းဘူး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးနယ်မြေဒေသရှိ ရပ်ကွက်လူနေအိမ်များ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါနယ်မြေ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း၏ ဦးဆောင်မှုဖြင့် ရွှေစက်တော်နယ်မြေမီးသတ်စခန်းမှ တာဝန်ခံလက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ထက်ဝင်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မန်းရွှေစက်တော်ဘုရားကြီး နယ်မြေဒေသရှိ ရပ်ကွက်၊ လူနေအိမ်များနှင့် ဒေသခံပြည်သူများအနေဖြင့် မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အထူးအလေးထား သိရှိလိုက်နာဆောင်ရွက်နိုင်စေရေးလုပ်ဆောင်ရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ နေအိမ်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ အရန်သင့် စီစဉ်ဆောင်ရွက်ထားရှိရေး၊ ထင်းနှင့် မီးသွေးမီးဖို သုံးစွဲသူများအနေဖြင့် မီးဖိုကျင်းများတူး၍ စနစ်တကျ အသုံးပြုရေး၊ မီးဖိုအနီး မီးကူးစက် လောင်ကျွမ်းစေနိုင်သောပစ္စည်းများ မထားရှိစေရေး၊ လျှပ်စစ်မီးလိုင်းများ စနစ်တကျ သွယ်တန်းတပ်ဆင်သုံးစွဲရေး စသည့်လုပ်ငန်းများကို တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးပြီး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(၅၀၀)**

*-*-*-*-*

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲက တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ) ရပ်ကွက်တွင် အားဆိုမောင်းနှင်ပြီး အားချူ(ခ)ကျဂျူး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှင့် လော်ညီး(ခ)အားဂါ မောင်းနှင်ပြီး အိုက်ခမ်းမွေ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀,၀၀၀ နှင့် လက်ကိုင်ဖုန်း လေးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အားဆို(၁၉)နှစ်၊ အားချူ(ခ)ကျဂျူး(၁၈)နှစ်၊လော်ညီး(ခ)အားဂါ(၂၆)နှစ်နှင့် အိုက်ခမ်းမွေ(၂၂)နှစ်တို့အား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီက မိတ္ထီလာမြို့၊ မြို့သစ်ရပ်ကွက်တွင် ဇာနည်မင်း(ခ)ကိုမင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈,၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇာနည်မင်း(ခ)ကိုမင်း(၃၁)နှစ်အား မိတ္ထီလာမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ဖမ်းဆီး

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီတွင် ဒက္ခိဏသီရိမြို့နယ် Junction မီးပွိုင့်အနီး၌ အမှတ်(၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ ဥတ္တရဂေဟာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆင့်မြင့်ဈေးမီးပွိုင့်ဘက်မှ စံပယ်လမ်းဆုံမီးပွိုင့်ဘက်သို့ အောင်သုခကျေးရွာနေ ဆုမွန်ထိုက်(၃၈)နှစ် မောင်းနှင်လာသည့် MDY-18 1N/- - - - Honda Fit Shuttle ခဲရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် စုမွန်ထိုက်အား ဥတ္တရဂေဟာနယ်မြေရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**




## ယာဉ်မောင်းသူများ လိုက်နာရန်

- * မြို့တွင်းတစ်နာရီ ၄၈ ကီလိုမီတာအတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- * အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- * ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- * (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

# အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် နည်းလမ်းမျိုးစုံဖြင့်သယ်ဆောင်လာသည့် လက်နက်/ခဲယမ်းများအား ဖော်ထုတ်တားဆီးနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၄

NUG နှင့် CRPH တို့၏ညွှန်ကြားမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်၍ ၎င်းတို့ ရောက်ရှိ ခိုအောင်းရာ နေရာများနှင့် အနီးဝန်းကျင်တွင် လက်နက်ဖြင့် ခြိမ်းခြောက် အကြမ်းဖက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ၎င်းတို့နှင့် အလိုမတူသူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အကြမ်းဖက် လုပ်ရပ်များ လျှော့နည်း ပပျောက်စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထုတို့ပူပင်ကြောင့်ကြမှုကင်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေးတို့အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့၊ည မပြတ် တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ သတင်းဆက်စပ်ဖော်ထုတ်ခြင်းများ ဖြင့်လည်း ဒေသအလိုက် အကြမ်းဖက်မှု လျှော့နည်း ပပျောက်စေရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက် လုပ်ဆောင်မှုကို ဆန့်ကျင်လိုကြသည့် ဒေသခံအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုနှင့် အခြားဆက်စပ်သတင်းဖော်ထုတ်မှုများအရ PDF အမည်ခံ အကြမ်းဖက်သမားဖြစ်သူ သန်းလွင်ဆိုသူသည် ရဟန်းသံဃာ အယောင်ဆောင်၍ လက်နက်/ခဲယမ်းများအား ဖြူးမြို့နယ် ကျောက်တိုင်ကျေးရွာမှ သယ်ဆောင်ကာ ဇယားကျေးရွာအား ဖြတ်သန်း၍ ၎င်းမှတစ်ဆင့် အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့အနီး (သို့မဟုတ်) ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၁၂၈/၂ သို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာအနီး စောင့်ဆိုင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တိုင်ကျေးရွာဘက်မှ ညောင်ပင်သာကျေးရွာဘက်သို့ ရဟန်းသံဃာ အယောင်ဆောင် PDF အမည်ခံ အကြမ်းဖက်သမား သန်းလွင်မောင်းနှင်လာသည့် ယာဉ်အမှတ်၊ RLG / 1412၊ X-Trail အနက်ရောင်လိုင်စင်မဲ့ယာဉ်အား ယာဉ်၏ကိုယ်ထည်အတွင်း သိုဝှက်သယ်ဆောင်လာသည့် လက်နက်မျိုးစုံကိုးလက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ရဟန်းသံဃာ အယောင်ဆောင် PDF အမည်ခံ အကြမ်းဖက်သမားအား ဝိနည်းဓမ္မကံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူဝတ်လဲ၍ စစ်ဆေးမေးမြန်း သတင်းဆက်စပ်ဖော်ထုတ်ချက်များအရ အဆိုပါ လက်နက်/ ခဲယမ်းများကို လာရောက် ယူဆောင်မည့်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၁၂၇/၆ အနီး၊ လမ်း၏အနောက်ဘက် မီတာ ၁၀၀ ခန့်အကွာတွင် ပြောက်ကျားယူနီဖောင်း ဝတ်ဆင်ထားသူ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အပြန်အလှန် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ အပြန်အလှန်ထိတွေ့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်တန့်ရန် ပြောကြားခဲ့သော်လည်း ရပ်တန့်ခြင်း မရှိသောကြောင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ သန်းလွင်သည် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။



အကြမ်းဖက်သမားများ သိုဝှက်သယ်ဆောင်လာသည့်လက်နက်/ ခဲယမ်းများကို တွေ့ရစဉ်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို သက်ဆိုင်ရာဒေသခံများ အနေဖြင့် လက်ခံမှုမရှိဘဲ ကြောက်ရွံ့စိုးရိမ်မှုများ ဖြစ်ပေါ်မှုဖြစ်ပွားနေချိန်တွင် ဖမ်းဆီးရမိ ရဟန်းသံဃာ အယောင်ဆောင် PDF အမည်ခံ အကြမ်းဖက်သမား သန်းလွင်သည် အခွင့်ကောင်းယူ ထွက်ပြေးရန် ကြိုးစားခဲ့သဖြင့် လျက်ရှိကာ ၎င်းတို့၏ လှုပ်ရှားမှုသတင်းများအား ယခုကဲ့သို့ အချိန်မီ ပေးပို့ခဲ့မှုကြောင့်သာ အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်မည့် လက်နက်/ ခဲယမ်းများကို အချိန်မီဖမ်းဆီးနိုင်ခြင်းဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့၍ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။









မော်တော်ယာဉ်အတွင်း သိုဝှက်သယ်ဆောင်လာသည့် လက်နက်/ ခဲယမ်းများကို တွေ့မြင်ရစဉ်။

သတင်းစဉ်

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်

နေပြည်တော် စက်တင်ဘာ ၁၄

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် တောင်ကြီးမြို့နေ မ-----၊ ၂၇ နှစ်သည် မူဆယ်မြို့ရှိ အစ်မဖြစ်သူထံ သွားရောက်နေထိုင်ပြီး အလုပ်အကိုင်ရှာဖွေခဲ့ရာ ဒေါ်မာလာနှင့်တွေ့ဆုံခင်မင်ခဲ့ပြီး ဒေါ်မာလာမှ တရုတ်ယောကျ်ားယူလျှင် တရုတ်ယွမ် ၁၅၀၀၀ ခန့်ရမည်ဟုစည်းရုံးပြောဆိုရာ သိန်းဇော်လတ်(ခ)ဆံရှည်၊ ရွှန်းပြည့်ဟိန်း(ခ)ကိုဟိန်း၊ စိုင်းအောင်သိန်း၊ နှင်းဝေဦးတို့နှင့်ပူးပေါင်း၍ ရွှေလီမြို့ရှိ ပွဲစားဒေါ်ပခမ်းမှတစ်ဆင့် တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မူဆယ်မြို့မ ရဲစခန်း (ပ)၁၁၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၀ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သိန်းဇော်လတ်(ခ)ဆံရှည်၊ ရွှန်းပြည့်ဟိန်း(ခ)ကိုဟိန်းနှင့် စိုင်းအောင်သိန်းတို့သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်မာလာ၊ နှင်းဝေဦးနှင့် ဒေါ်ပခမ်းတို့သုံးဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ -----၊ ၂၂/ ၂၀၂၅ နှစ်အား အမည်မမှတ်မိ Tik Tok အကောင့်တစ်ခုမှ တရုတ်ယောကျ်ား By one လုပ်ရမည်၊ ၆ လမှ ၁ နှစ်ခန့် နေထိုင်ပေးရမည်၊ မြန်မာငွေကျပ် သိန်း ၆၀ ရရှိမည်၊ စရိတ်ငြိမ်းပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ မူဆယ်မြို့သို့ ရောက်သောအခါ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးမှ ထက်ထက်လှိုင်(ခ)မထက်ထံ ပို့ဆောင်ပေးခဲ့ပြီး ထက်ထက်လှိုင်(ခ)မထက်မှ စိုင်းအောင်သိန်း၊ သက်သက်ဇော်(ခ)အန်တီသက်နှင့် သက်သက်အေး(ခ)မသက်တို့နှင့်ပူးပေါင်း၍ ရွှေလီမြို့ရှိ ပွဲစား ဒေါ်ပခမ်းမှတစ်ဆင့် တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားခဲ့ကြောင်း၊ တရုတ်ယောကျ်ားနှင့် တစ်လခန့်ပေါင်းသင်းနေထိုင်ရပြီး ငွေကြေးတစ်စုံတစ်ရာရရှိခြင်းမရှိသဖြင့် ထွက်ပြေးလာခဲ့ပြီး စိုင်းအောင်သိန်းထံ အကူအညီတောင်း၍ မြန်မာနိုင်ငံသို့ပြန်လာခဲ့ကြောင်း၊ စိုင်းအောင်သိန်းမှ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူခ ယွမ် ၁၃၀၀၀ တောင်းရာ မပေးနိုင်သဖြင့် နေအိမ်တွင် ပိတ်လှောင်ထားပြီး မကြာခဏရိုက်နှက်ခြင်း၊ အဓမ္မပြုကျင့်ခြင်းများ ပြုလုပ်ခဲ့ရာ ပတ်ဝန်းကျင်ရှိလူများ ရောက်ရှိလာသဖြင့် လွတ်မြောက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၁၀၉/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ စိုင်းအောင်သိန်း၊ သက်သက်ဇော်(ခ)အန်တီသက်နှင့် သက်သက်အေး(ခ) မသက်တို့သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ထက်ထက်လှိုင်(ခ)မထက်နှင့် ဒေါ်ပခမ်းတို့နှစ်ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နေ မ -----၊ ၂၀/ ၂၀၂၅ နှစ်အား ရှမ်းပြည်နယ် မူဆယ်မြို့နေ အေးမြတ်မွန်မှ လူမှုကွန်ရက် Tik Tok Nam Mu Lay @nan.mu acc မှတစ်ဆင့် တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ယွမ် ၁၀၀၀၀ ရမည်၊ တရုတ်အမျိုးသားနှင့် တစ်နှစ်ပေါင်းသင်းရမည်၊ လုပ်ကိုင်လိုပါက မန္တလေးမြို့သို့ လာရောက်ရန် စည်းရုံးပြောဆိုပြီး မန္တလေးမြို့သို့ခေါ်ဆောင်ခဲ့ကြောင်း၊ မန္တလေးမြို့တွင် အေးမြတ်မွန် ချိတ်ဆက်ပေးထားသည့် ပွဲစား မအောင်မီး(ခ) ပီဆိုင်းအွန်က လာကြိုပြီး ၎င်းပေါင်းသင်းရမည့် တရုတ်ယောကျ်ားနှင့် တွေ့ဆုံရန် တရုတ်နိုင်ငံ ရွှေလီမြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ ရွှေလီမြို့တွင် တရုတ်ယောကျ်ားနှင့်တွေ့ဆုံပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ပြီး နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ရန်စောင့်ဆိုင်းနေစဉ် တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၅)မြို့မရဲစခန်း (ပ) ၃၁/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး စက်တင်ဘာ ၁၂ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ တရားခံ အေးမြတ်မွန်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မအောင်မီး (ခ)ပီဆိုင်းအွန်ကို ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်နေ မ -----၊ ၂၅/ ၂၀၂၅ နှစ်အား တစ်ရွာတည်းနေ အစ်မဝမ်းကွဲဖြစ်သူ အိဖြူစိုးမှ တရုတ်နိုင်ငံသားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၄၀၀ ရမည်၊ တရုတ်နိုင်ငံ ဝူဟန်မြို့နေ ၎င်းတို့အစ်မတစ်ဝမ်းကွဲတော်စပ်သည့် သင်းသင်းစိုးထံသို့ wechat မှတစ်ဆင့် ၎င်း၏ဓာတ်ပုံများ ပေးပို့ထားကြောင်း၊ မသင်းသင်းစိုးမှ ဝူဟန်မြို့မှ မန္တလေးမြို့သို့လာရောက်၍ ၎င်းအား တရုတ်နိုင်ငံသို့ခေါ်ဆောင်မည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ရန်အတွက် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ပေးရန် စောင့်ဆိုင်းနေစဉ် တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မဟာအောင်မြေမြို့နယ် အမှတ်(၉) မြို့မရဲစခန်း (ပ)၅၈/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ တရားခံသင်းသင်းစိုးနှင့် အိဖြူစိုးတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အငြှမအကြိမ်မြောက် တီထွင်ဖန်တီးမှုပြပွဲ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် ကျင်းပ

**မုံရွာ စက်တင်ဘာ ၁၄**

အငြှမအကြိမ်မြောက်အဖြစ် တီထွင်ဖန်တီးမှုပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ဘွဲ့နှင်းသဘင်ခန်းမတွင် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

"အခု ပရောဂျက်ပြပွဲဟာ ကျောင်းသား၊ ကျောင်းသူတွေရဲ့ သင်ယူမှုနဲ့ တီထွင်ဖန်တီးမှုစွမ်းရည်ကို ထင်ဟပ်စေရုံသာမက စစ်ကိုင်းတိုင်းဒေသကြီးရဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းတွေကို ဖော်ပြပေးနိုင်မှာ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေအနေနဲ့လည်း ကျောင်းသား၊ ကျောင်းသူတွေရဲ့ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်မှုစွမ်းရည်တွေကို အားပေးတဲ့ ပညာရပ်တွေ၊ လက်တွေ့သင်ခန်းစာတွေ၊ သင်ကြားနည်းစနစ်တွေကို အသုံးပြုပြီး လူမှုပတ်ဝန်းကျင်အတွက် အထောက်အကူပြုမယ့် သုတေသနတွေနဲ့ နည်းပညာအသုံးချတီထွင်ဖန်တီးမှုစွမ်းအားတွေ မြင့်မားလာအောင် လေ့ကျင့်သင်ကြားပေးသွားကြဖို့ လိုအပ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့လည်း နည်းပညာတွေကို အသုံးချပြီး လူ့အဖွဲ့အစည်းအတွက် အထောက်အကူပြုမယ့် တီထွင်ဖန်တီးမှုတွေကို များများလုပ်ဆောင်သွားကြဖို့ လိုအပ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောကြားသည်။

တီထွင်ဖန်တီးမှုပြပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ်က အငြှမအကြိမ် တီထွင်ဖန်တီးမှုပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ)မှ ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ပါမောက္ခချုပ်ထံ တေးသီချင်းများဖြင့် ကပြဖျော်ဖြေပေးသွားကြသော ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ကွန်ပျူတာတက္ကသိုလ်(မုံရွာ)မှ ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်စုပေါင်းတီထွင်ဖန်တီးထားသည့် ပရောဂျက်ပြခန်း ၅၁ ခန်းတို့အား လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

(အပေါ်ပုံ) (၃၉၄)

## ယူရီးယားဓာတ်မြေသြဇာဖြန့်ဖြူးရောင်းချနေမှုအခြေအနေအား ကွင်းဆင်းစစ်ဆေး

**တံတားဦး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးစပါးစိုက်ပျိုးသည့် တောင်သူများကို ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သော ယူရီးယားဓာတ်မြေသြဇာများ အသုံးပြုနိုင်ရန်အတွက် ယူရီးယားဓာတ်မြေသြဇာဖြန့်ဖြူး ရောင်းချနေမှုများကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက တောင်သူများနှင့်တွေ့ဆုံကာ အခက်အခဲများကို မေးမြန်းပြီး တောင်သူများ ဝယ်ယူသုံးစွဲသည့် ဈေးနှုန်းများကို မိမိတို့ဦးစီးဌာနက သတ်မှတ်ရောင်းချပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးစပါးစိုက်တောင်သူများအတွက် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သော ယူရီးယားဓာတ်မြေသြဇာ ၂၈၃၀ အိတ်ကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝ၄ဝ)



## မိုးစပါးစိုက်ပျိုးတောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေသြဇာအိတ်များ ဖြန့်ဖြူးရောင်းချ

**ပွင့်ဖြူ စက်တင်ဘာ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးတောင်သူများအတွက် လိုအပ်သော စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေသြဇာများကို စိုက်ပျိုးချိန်အမီ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲခွင့်ရရှိစေရန်နှင့် မိုးစပါးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိစေရန် ရည်ရွယ်၍ ဓာတ်မြေသြဇာအိတ်များကို သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများလက်ဝယ်အရောက် စနစ်တကျ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ဒေသတွင်းရှိ မိုးစပါးစိုက်ပျိုးတောင်သူများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေသြဇာအိတ်များ ဖြန့်ဖြူးရောင်းချပေးရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဓာတ်မြေသြဇာဖြန့်ဖြူးရေးလုပ်ငန်းအဖွဲ့မှ ဦးဆောင်၍ တောင်သူများအတွက် လိုအပ်သော ဓာတ်မြေသြဇာသွင်းအားစုများကို သက်သာသောဈေးနှုန်းဖြင့် မိုးစပါးစိုက်ပျိုးချိန်မီ အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စနစ်တကျ ဖြန့်ဖြူးရောင်းချပေးနေကြောင်း၊ ဓာတ်မြေသြဇာအိတ်များ ဖြန့်ဖြူးရောင်းချပေးမှုအနေဖြင့် ကျေးရွာပေါင်း ၁၄ ရွာမှ မိုးစပါးစိုက်ပျိုးတောင်သူများအား ယူရီးယားဓာတ်မြေသြဇာ ၁၄၃၃ အိတ်၊ ကျေးရွာပေါင်း ကိုးရွာမှ တောင်သူများအတွက် ကွန်ပေါင်းဓာတ်မြေသြဇာအိတ် ၇၅၀တို့ကို ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကျန်ရှိသည့် ကျေးရွာများမှ မိုးစပါးစိုက်ပျိုးတောင်သူများကို ဓာတ်မြေသြဇာအိတ်များ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ပြောသည်။

(၄၄၅)





## ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**လွိုင်လင် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ ခရိုင်အားကစားကွင်း၌ 14 ASEAN SCHOOL GAMES လူရွေးချယ်ပွဲနှင့် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ခရိုင်အားကစားကွင်းတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေ့ဦးစွာ စစ်ကြောင်းမှူး ဦးဆောင်၍ ဘင်ခရာတပ်ဖွဲ့များ၊ ပြိုင်ပွဲဝင်အားကစားအသင်းများက ကွင်းအတွင်းဝင်ရောက် နေရာယူပြီးနောက် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ တာဝန်ရှိသူများအား ဂါရဝပြုခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါက်တာမြင့်မြင့်အေးက ကျောင်းသားအားကစားပြိုင်ပွဲများကျင်းပပေးရခြင်းကို ရှင်းလင်းပြောကြားသည်။ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ပင်လုံမြို့ အ・ထ・က(၃) ဘင်ခရာနှင့် ပန်းဖွားအဖွဲ့၊ လွိုင်လင်မြို့ အ・ထ・က(၁)နှင့် အ・ထ・က(၃) ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များက တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ ကျောင်းသူလေးများက Fitness Dances အကများဖြင့်လည်းကောင်း ကပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အမျိုးသားဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် လဲချားမြို့နယ်နှင့် နမ့်စန်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ စက်တင်ဘာ ၁၃ ရက်က ကျင်းပသည့် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၌ လွိုင်လင်၊ နမ့်စန်၊ လဲချား၊ မိုင်းကိုင်၊ ကွန်ဟိန်းမြို့နယ် (၅)မြို့နယ်မှ ပြိုင်ပွဲဝင်ဘောလုံး(ကျား၊ မ)၊ ပြေးခုန်ပစ်(ကျား၊မ)၊ ဘတ်စကတ်ဘော(ကျား၊ မ)၊ ကြက်တောင်(ကျား၊ မ)၊ ပိုက်ကျော်ခြင်း(ကျား၊ မ)၊ စားပွဲတင်တင်းနစ်(ကျား၊ မ)နှင့် ဘော်လီဘော(ကျား၊ မ) စသည့် ပြိုင်ပွဲ အမျိုးအစား ခုနစ်မျိုးတွင် ကျောင်းသား၊ ကျောင်းသူ ၃၅၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀၊ (၄၈)ကီလိုမီတာ ထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် (၅၀) ကီလိုမီတာ ၈၀ ထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။**



## ချောင်းတိမ်ချောင်းမြေထိန်းတမံ တည်ဆောက်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရေနံချောင်း စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရေနံချောင်းမြို့၊အိုးဘိုရပ်ကွက် ချောင်းတိမ်ချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ရေကြီးရေလျှံမှုကမ်းပြိုကာကွယ်ရေး မြေထိန်းတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ယမန်နေ့က ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၉၉ ဒသမ ၅ သန်းဖြင့် ရေနံချောင်းမြို့ အိုးဘိုရပ်ကွက် ချောင်းတိမ်ချောင်း မြေထိန်းတမံတည်ဆောက်ခြင်းလုပ်ငန်း RC Beam အခြေပြု ကျောက်စီမြေထိန်းတမံ အလျား ပေ ၅၀၀ နှစ်ဖက်တည်ဆောက်ခြင်းလုပ်ငန်းများကို မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၄)မှ တာဝန်ယူ ဆောင်ရွက်ခဲ့ရာ မြေထိန်းတမံ၏ ကြံ့ခိုင်မှု၊ သတ်မှတ်အရည်အသွေးများနှင့် ပြည့်မီခြင်း ရှိ၊ မရှိတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**စိုးသူအောင်(ဓာတ်ပုံကျွမ်းကျင်-၂)**

၀-၀-၀-၀-၀-၀

## မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အသိပညာပေး Billboard စိုက်ထူဖွင့်လှစ်

**တာချီလိတ် စက်တင်ဘာ ၁၄**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်နေ့တွင် ကျရောက်ခဲ့သည့် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး Billboard စိုက်ထူဖွင့်လှစ်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်လေဆိပ်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမျိုး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ရဲမှူးစိုးမင်းနှင့် ခရိုင်ဥပဒေအရာရှိ ဦးဇော်လွင်တို့က အသိပညာပေး Billboard အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ အသိပညာပေး Bill - board တွင် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် "လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှု အဆုံးသတ်စို့" ဆောင်ပုဒ်နှင့် လူကုန်ကူးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆက်သွယ်အကြောင်းကြားနိုင်သော ဖုန်းနံပါတ်များပါရှိကြောင်း သိရသည်။

(အောက်ပုံ)

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**





## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပြင်ဦးလွင် စက်တင်ဘာ ၁၄**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူလူထု၏ ကျန်းမာရေးကောင်းမွန်စေရန်နှင့် သန့်ရှင်းသာယာလှပသောပတ်ဝန်းကျင်များ ဖြစ်ပေါ်စေရန်အတွက် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၇ နာရီက ရပ်ကွက်ကြီး(၁)ရှိ သမိုင်းဝင် မဟာရွှေမြင်တင်ဘုရားအတွင်း၊ အပြင်၌ ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီး ရဲသူရဝဏ္ဏစိုးအောင် ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူး သန့်ဇင်နှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၉၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပြင်ဦးလွင်)မှ ဒုရဲမှူး ခင်မောင်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် ရဲတပ်ဖွဲ့မှ မိသားစုဝင်များ၊ စုစုပေါင်း အင်အား ၁၁၂ ဦးတို့က သမိုင်းဝင် မဟာရွှေမြင်တင်ဘုရားအတွင်း၊ အပြင်ရှိ အမှိုက်များ၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများအား စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) ခရိုင်(ပြန်/ဆက်)**

## လျှပ်ကြောင့် ထိခိုက်ခဲ့သော ရတနာပုံဈေး ပြင်ဆင်ပြီးဖြစ်သဖြင့် စက်တင်ဘာ ၁၅ ရက်တွင် ဖွင့်လှစ်ခွင့်ပြုမည်

**မန္တလေး စက်တင်ဘာ ၁၄**

မတ် ၂၈ ရက် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သော ရတနာပုံဈေးအား ယခုအခါ အကြီးစား ပြင်ဆင်မှုများ ပြုလုပ်ပြီး ဖွင့်လှစ်နိုင်ပြီဖြစ်သဖြင့် စက်တင်တင်ဘာ ၁၅ရက်တွင် စတင်ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရတနာပုံဈေးအတွင်းရှိ မိန်းတိုင်များ၊ ထိခိုက်မှုများခဲ့သော အဓိကနေရာများ အားလုံးကို ပြင်ဆင်မှုပြုလုပ်ခဲ့ပြီး စိတ်ချရသည့်အနေအထားသို့ ရောက်ရှိပြီဖြစ်သဖြင့် ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

"ရတနာပုံဈေးရဲ့ အဓိကကျတဲ့နေရာတွေကို ပြင်ဆင်ပြီးဖြစ်ပါတယ်။ နံရံတွေနဲ့ အခြားအသေးစားပြင်ဆင်မှုတွေပဲ ကျန်ရှိပါတော့တယ်။ အခုအနေအထားအရ ပြင်ဆင်မှုလည်းလုပ်၊ ဆိုင်တွေလည်း ဖွင့်လှစ်လို့ရတဲ့ အနေအထားဖြစ်နေတဲ့အတွက် စက်တင်ဘာ ၁၅ရက်က စတင်ပြီး ဖွင့်လှစ်ခွင့်ပြုသွားမှာဖြစ်ပါတယ်" ဟု ဈေးနှင့် သားသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရတနာပုံဈေးတွင် ဆိုင်ခန်းပေါင်း ၁၅၆၂ ခန်းရှိပြီး အိမ်သုံးပစ္စည်းအမျိုးမျိုး၊ အထည်အလိပ်များ၊ အဝတ်အထည်များနှင့်အခြားသော လူ့အသုံးအဆောင်ပစ္စည်းများကို အဓိကရောင်းချမှုပြုလုပ်နေသည့် ဈေးတစ်ခုဖြစ်ကြောင်း၊ ဆိုင်များအား ငလျင်လှုပ်ပြီးချိန်မှစတင်၍ ယခုအချိန်အထိ ပိတ်ထားသဖြင့် ဆိုင်ခန်းပိုင်ရှင်များက ယခုလို ဖွင့်လှစ်ခွင့်ရရှိသဖြင့် အဆင်ပြေကြောင်း ရတနာပုံဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမင်းသူက ပြောသည်။

"ပြင်ဆင်မှုတွေလုပ်နေတာက ငါးလကျော်လောက်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဈေးသူ၊ ဈေးသားတွေကလည်း ဈေးဖွင့်လှစ်ချင်နေကြပြီ ပြင်ဆင်မှုပိုင်းကလည်း တော်တော်လေးပြီးစီးနေပြီဖြစ်တဲ့အတွက် ဖွင့်လှစ်ချင်ကြတာ ဖြစ်ပါတယ်။ စားဝတ်နေရေးအတွက် ဖွင့်လှစ်ချင်တဲ့အတွက် စက်တင်ဘာ ၁၅ရက်မှာ ဖွင့်လှစ်ခွင့်ကို တောင်းဆိုခဲ့တာဖြစ်ပါတယ်"ဟု ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌက ပြောသည်။

ရတနာပုံဈေးအား ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ပြီး လုံခြုံရေးပိုင်းဆိုင်ရာ၊ ပြန်လည်ပြင်ဆင်မှုပိုင်းဆိုင်ရာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် ပူးပေါင်းကာ လိုအပ်သည်များကို ဆက်လက်ကူညီလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မိုင်းပျဉ်း စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့တွင် စည်ပင်သာယာရေးဦးစီးဌာနမှ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးဌာနမှ ခွင့်ပြုရန်ပုံငွေ ၁၉ ဒသမ ၉၀သန်းဖြင့် ပိန်းဆန်းရပ်ကွက် ဗိုလ်ချုပ်လမ်း (၂၁၀ပေ× ၁၄ပေ×၆ပေ) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းလောင်မိုင်း၊ စည်ပင်အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**



**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးနဲ့ ငလျင်(ဌာပနာအမွေအနှစ်များ-၁၀)

မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးတဲ့နောက် ပြိုပျက်ခဲ့ရတဲ့ ဘုရားစေတီတော်တွေထဲက ထွက်ပေါ်တွေ့ရှိရတဲ့ ဌာပနာအမွေအနှစ်တွေအကြောင်း ပြည်သူတွေ ဗဟုသုတဖြစ်အောင် ရေးသားခဲ့တာ အတော်များနေပါပြီ။ ထူးခြားတဲ့ ဆင်းတုတော်နဲ့ ရုပ်တုတွေကလည်း ဆက်လက်တွေ့ရှိဆဲပါ။ ဒါကြောင့် ရှေးကမြန်မာ ပညာရှင်များရဲ့ လေ့လာအား၊ ပညာအားနဲ့ စေတနာအားတွေ ထည့်သွင်းစီမံခဲ့တဲ့ ထူးခြားပြီး လက်ရာမြောက်ကာ အဓိပ္ပာယ်လည်း ပြည့်ဝတဲ့ ရုပ်တုလေးတစ်ခုအကြောင်း ဆက်လက်တင်ပြပါမယ်။

မတင်ပြမီ ရှေးက ကျွန်တော်တို့ ဘိုးဘေးတွေ ဘုရားစေတီတည်ထားကိုးကွယ်ကြတဲ့အခါ စီမံကြပုံလေးကို အရင်တင်ပြပါရစေ။ မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာ စတင်ရောက်ရှိခဲ့တဲ့ ပျူခေတ်က စလို့ ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုအထိမ်းအမှတ်ဖြစ်တဲ့ ဘုရားစေတီနဲ့ ကျောင်းကန်တွေကို တည်ထားကိုးကွယ်ခဲ့ကြကြောင်း ပျူမြို့ဟောင်းများဖြစ်တဲ့ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာနဲ့ မိုင်းမောမြို့များမှာ စေတီတော်ရဲ့အထောက်အထား အဆောက်အအုံများကို ရှေးဟောင်းသုတေသနဌာနမှ ပညာရှင်တွေက တူးဖော်တွေ့ရှိခဲ့ကြပြီး ဖြစ်ပါတယ်။ ပျူမြို့ဟောင်းတွေထဲမှာ အစောဆုံး ပျူခေတ်ဦးလို့ သတ်မှတ်ထားတဲ့ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝတီးမြို့ဟောင်းမှာတော့ ဗုဒ္ဓသာသနာရဲ့ အထောက်အထား မတွေ့ရသေးပါ။ ကျန်တဲ့မြို့ဟောင်းများမှာတော့ လေးထောင့်ပစ္စယာခံလို့ အပေါ်ပိုင်း စေတီကိုယ်ထည်ကို အဝိုင်းကို အခြေခံတဲ့ စက်လုံးခြမ်းပုံနဲ့ ဆလင်ဒါပုံ စေတီတော်တွေ တည်ဆောက်ခဲ့ကြပါတယ်။ အဲ့ဒီအထဲကမှ တချို့စေတီမှာ လှေကားတစ်စင်း၊ အချို့မှာ ရှေ့နောက်နှစ်စင်းနဲ့ နောက်ဆုံးအရပ်လေးမျက်နှာအတွက် လှေကားလေးစင်းပါဝင်လို့ တည်ဆောက်ထားတာလည်း တွေ့ရပါတယ်။ တစ်ခါ စေတီတော်ထဲမှာတော့ ရွှေ၊ ငွေနဲ့ သွန်းလောင်းပြီး ပြုလုပ်ထားတဲ့ ဆင်းတုတော်တွေနဲ့ စေတီပုံစံငယ်လေးတွေ အဖိုးတန်ပုတီးစေ့လေးတွေ ထည့်သွင်းဌာပနာလေ့ရှိခဲ့တာကို သုတေသနပြုတင်ပြခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါတင်မကဘဲ ကွယ်လွန်သူအချို့ကို မီးသင်္ဂြိုဟ်ပြီး ကျန်ရှိတဲ့အရိုးပြာတွေကို ထည့်သွင်းထား တဲ့ အရိုးအိုးများကိုလည်း တစ်ပါတည်း မြှုပ်နှံလေ့ရှိကြောင်း တွေ့ရှိခဲ့ကြရပါတယ်။

ပျူခေတ်နောက်ပိုင်း ပုဂံခေတ်ရောက်ပြန်တော့ ဗုဒ္ဓသာသနာ အရှိန်အဟုန်နဲ့ တိုးတက်လာခဲ့ပြီး တည်ဆောက်ခဲ့တဲ့ ဘုရား၊ ဂူ၊ ကျောင်း၊ စေတီတော်တွေဟာ ပုဂံမြို့ဟောင်းမှာ လက်ညှိုးထိုးမလွဲမို့ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်တဲ့အထိ အသိအမှတ်ပြုခြင်းခံခဲ့ရပါတယ်။ ၁၉၇၅ ခုနှစ်မှာ လှုပ်ခဲ့တဲ့ ပုဂံငလျင်ကြီးကြောင့် ဘုရား၊ စေတီတော်တွေပြိုပျက်ပြန်တော့ ဌာပနာအဖြစ် ထည့်သွင်းထားတဲ့ ဘုရားဆင်းတုတော်များကို မှတ်တမ်းတင်လေ့လာခွင့် ရခဲ့ပြန်ပါတယ်။ ပုဂံခေတ် ပြိုကွဲပြီးနောက်ပိုင်း ဆက်လက်ထွန်းကားလာတဲ့ အင်းဝခေတ်၊ တောင်ငူခေတ်နဲ့ ညောင်ရမ်းခေတ်တို့မှာလည်း ဘုရား၊ စေတီအမွေအနှစ်များစွာကို ဆက်လက်တည်ထားကိုးကွယ်ခဲ့ကြပါတယ်။

တင်ပြလိုတဲ့ အဓိကအချက်က အထက်ပါခေတ်အဆက်ဆက်မှာ ဘုရားစေတီတော်များ တည်ထားကိုးကွယ်ကြတဲ့အခါ ဗုဒ္ဓဘုရားရုပ်ပွားဆင်းတုတော်များကိုသာ အဓိကထားပြီး ထည့်သွင်းဌာပနာခဲ့ကြတာကို ပြောချင်တာပါ။ ဒုတိယအင်းဝခေတ်လို့ သမိုင်းတွင်တဲ့ ညောင်ရမ်းခေတ်နှောင်းပိုင်း ကာလလောက်မှသာ သတ္တသတ္တာဟ ရုပ်တုတော်ငယ်များကို ဘုရားရုပ်ပွားတော်ရဲ့ ထပ်တိုးဌာပနာအဖြစ် စတင်ထည့်သွင်း ပူဇော်လာခဲ့တာကို တွေ့ကြရပါတယ်။ ကုန်းဘောင်ခေတ်ဦးကာလမှာတော့ သတ္တသတ္တာဟ ရုပ်တုများအပြင် ဘုရားရှင်ရဲ့ဖြစ်တော်စဉ်ထဲက ကောင်းနိုးရာရာ ဇာတ်ကွက်လေးအချို့ကို ထပ်မံထည့်သွင်း ဌာပနာခဲ့တာကို တွေ့ရှိရပါတယ်။ အတော်များများ ဇာတ်ကွက်ကတော့ ဖွားတော်မူခန်း၊ မာရ်နတ်အောင်ခန်း၊ ဗျာဒိတ်ခံခန်း၊ ပရိနိဗ္ဗာန်စံခန်းနဲ့ တောထွက်ခန်းတို့ကို အတွေ့ရများပါတယ်။

တစ်ခုပြောချင်တာက အဓိကဌာပနာအဖြစ် ဉာဏ်တော် အနည်းငယ်မြင့်တဲ့ ဗုဒ္ဓဆင်းတုတော်ကို ခေတ်လက်ရာမြောက်စွာ ဖန်တီးပြုလုပ်ခဲ့ကြပေမယ့် သတ္တသတ္တာဟ ရုပ်တုများနဲ့ ဗုဒ္ဓဝင်ရုပ်တုများကိုတော့ သေးငယ်စွာနဲ့ အဖြစ်လောက်သာ ပြုလုပ်ခဲ့ကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

အခုတင်ပြချင်တဲ့ ရုပ်တုလေးတစ်ခုက ဗုဒ္ဓဝင်ထဲက မြတ်ဗုဒ္ဓသဗ္ဗညုတဘုရားဖြစ်ခါနီး သုဇာတာသူဌေးသမီး ကပ်လှူတဲ့ ဃနာနို့ဆွမ်းဘုဉ်းပေးသုံးဆောင်ပြီး နေရဉ္ဇရာမြစ်အတွင်း ရွှေခွက်မျှောတဲ့အခန်းကို ဖန်တီးထားတဲ့ ရုပ်တုလေးဖြစ်ပါတယ်။ အထက်မှာ ဖော်ပြခဲ့သလို ဗုဒ္ဓဝင်ဆိုင်ရာ ဇာတ်ကွက်များကို ဖန်တီးထားတဲ့ ရုပ်တုတွေကို အတွေ့ရများပေမယ့် ရွှေခွက်မျှောတဲ့ ဇာတ်ကွက်ကိုတော့ အခုတွေ့တာ ပထမဆုံးဖြစ်ပါတယ်။ အဲ့ဒီဌာပနာရုပ်တုကို တွေ့ရတဲ့ဘုရားက အမရပူရမြို့ဟောင်းမှာ တည်ထားကိုးကွယ်နေတဲ့ ကြီးလေးကြီးဝင် ရွှေဂူကြီးဘုရားထဲက တွေ့ရတာပါ။ ပထမအကြိမ် အပြိုအပျက်များ ရှင်းလင်းစဉ်က မတွေ့ရဘဲ အနည်းငယ်သာကျန်နေတဲ့ အောက်ပိုင်းခဲကျိုးတွေ ရှင်းလင်းတော့မှ ထပ်ပြီး တွေ့ရတာပါ။ ရုပ်တုလေးရဲ့ ဇာတ်ကွက်ကို အရင်တင်ပြပါရစေ။

အားလုံးသိကြတဲ့အတိုင်း မြတ်စွာဘုရားလောင်း သိဒ္ဓတ္ထမင်းသားလေးဟာ မွေးဖွားပြီးမကြာမီ ဖခင် သုဒ္ဓေါဒနမင်းကြီးက နိုင်ငံတွင်းက အတော်ဆုံးဗေဒင်ပညာရှင်တွေကို ဖိတ်ခေါ်လို့ စစ်ဆေးတွက်ချက်စေတဲ့အခါ စကြဝတေးမင်း(သို့မဟုတ်)ဘုရားစင်စစ်ဖြစ်လိမ့်မည်လို့ အဟောထွက်ပါတယ်။ ခမည်းတော် ဘုရင်ကြီးက သာမန်ပုထုဇဉ်ဆိုတော့လည်း ဘုရားအဖြစ်ထက် စကြဝတေးမင်းကို ပိုပြီး လိုလားတော့ ဘုရားမဖြစ်အောင် အမျိုးမျိုး ဖန်တီးကာကွယ်စီမံထားပါတယ်။ ဒီတော့ ၁၆ နှစ်မှာ မိန်းမပေးစားပြီး အနားမှာလည်း နပေ့ ချော‌ပေ့ဆိုတဲ့ ရံရွေတော်များ၊ လောကီကာမဂုဏ်များနဲ့ ခြံရံထားပါတယ်။ ဒါပေမဲ့ ဘုရားအလောင်းတော်ဟာ အချိန်တန်တော့ နိမိတ်ကြီးလေးပါး တွေ့မြင်လို့ သံဝေဂရပြီး သက်တော် ၂၉ နှစ်မှာ တောထွက်ပြီး လောကသစ္စာတရားကို ရှာဖွေကျင့်ကြံအားထုတ်ပါတယ်။ ခြောက်နှစ်တိုင်အောင် သူတကာတို့ ကျင့်နိုင်ခဲတဲ့ ဒုက္ကရစရိယာ အကျင့်ကို အားထုတ်ပါသော်လည်း အမှန်တရားနဲ့ မနီးစပ်သေးဘဲ ခန္ဓာကိုယ်က လက္ခဏာတော်တွေသာ ကွယ်ပျောက်လုနီးပါး အခြေဆိုက်ခဲ့ပါတယ်။ ဒီအခါမှာ ဘုရားအလောင်းတော်ဟာ မိမိအခြေအနေကို ပြန်လည်သုံးသပ်ပြီး မှားယွင်းတဲ့အကျင့်ကို စွန့်ခွာလို့ လမ်းမှန်ရောက်စေမယ့် အာနာပါနကမ္မဋ္ဌာန်းကို ပြန်လည်အားထုတ်ရန် သတိရလာခဲ့ပါတယ်။

ဒါကြောင့် ဒုက္ကရစရိယာအကျင့်က ဖယ်ခွာလို့ အစားအစာပြန်လည်မစားသုံးမီ ကိုယ်လက်သန့်စင်ရန် နေရဉ္ဇရာမြစ်ကို ရောက်ရှိလာခဲ့ပါတယ်။ ပြီးတော့ မြစ်ကမ်းဘေး သစ်ပင်တစ်ပင်အောက်မှာ ခေတ္တနားနေစဉ် သုဇာတာ သူဌေးသမီး ရောက်လာပါတယ်။ သူဌေးသမီးကလည်း သစ်ပင်စောင့်နတ်ထံ သားဆုပန်ထားတာပြည့်ဝလို့ သူ့ကတိအတိုင်း ဆွမ်းကပ်ရန်ရောက်လာတာပါ။ တိုက်ဆိုင်ချင်တော့ သားဆုပန်စဉ်က ရက္ခစိုးနတ်ကို မတွေ့ခဲ့ရဘဲ ဒီနေ့မှ သာမန်လူတကာတို့ထက် ထူးကဲသာလွန်တဲ့ လက္ခဏာတော်၊ အသရေတော်များနဲ့ တင့်တယ်နေတဲ့ ဘုရားလောင်းကို ရက္ခစိုးနတ်မင်း ကိုယ်ထင်ပြတယ်လို့ အထင်ရောက်သွားပါတယ်။ ဒါကြောင့် ထူးကဲစွာ စီမံထားတဲ့ နို့ဃနာဆွမ်းကို ရွှေခွက်နဲ့တကွ ကပ်လှူပါတော့တယ်။ ဘုရားအလောင်းတော်ကလည်း ဒုက္ကရစရိယာ အကျင့်ကသွေဖည်လို့ အစာအာဟာရပြန်လည်သုံးဆောင်ရန် ဆုံးဖြတ်တာနဲ့ တိုက်ဆိုင်ခဲ့ပါတယ်။ နောက်တစ်ခုက ဆုတ်ယုတ်ကုန်ခန်းနေတဲ့ အားအင်နဲ့ အသရေတော်တွေဟာ နို့ဃနာရဲ့ သဘာဝအရ ပြန်လည်ပြည့်ဝလာတဲ့အတွက် မြတ်ဘုရားဗုဒ္ဓဝင်မှာ အမြတ်ဆုံးဆွမ်းအဖြစ် ချီးကျူးခဲ့တာလည်း ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓဟာ ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီးတာနဲ့ နေရဉ္ဇရာမြစ်ရှိရာကိုလာပြီးတော့ ဘုရားဧကန်ဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် သဘာဝအတိုင်း မြစ်အကြောသို့မစုန်ဘဲ မြစ်ညာသို့ ဆန်ပါစေသတည်းလို့ အဓိဋ္ဌာန်ပြီး ရေမှာ မျှောလိုက်ရာ ရွှေခွက်ဟာ အံ့ဩနပန်း မြစ်ညာသို့ အတောင် ၈၀ ဆန်ပြီးမှ ရေအောက်သို့ မြုပ်သွားခဲ့ပါတယ်။



ဘုရားလောင်း ရွှေခွက်မျှောခန်း ကြေးသွန်းဌာပနာ။

အဲ့ဒီမြစ်ရဲ့ အောက်ခြေရေနဂါးပြည်မှာ ကာလနဂါးမင်းစံမြန်းနေတာဖြစ်ပြီး အခုဘုရားအလောင်းတော်မျှောလိုက်တဲ့ ရွှေခွက်ဟာ ရှေးအရင်က ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူခဲ့တဲ့ ကောဏာဂုံ၊ ကဿပနဲ့ ကကုသန်မြတ်ဘုရားတို့ ဘုရားဖြစ်ခါနီး အလောင်းတော်ဘဝမှာ အဓိဋ္ဌာန်ပြီး မျှောခဲ့ကြတဲ့ ရွှေခွက်ဟောင်းသုံးလုံးနဲ့ ပေါင်းဆုံထိခတ်မိပြီး အသံထွက်လာပါတယ်။ အဲ့ဒီအသံကြောင့် နှစ်ပေါင်းများစွာ အိပ်ပျော်နေတဲ့ ကာလနဂါးမင်းဟာ လန့်နိုးလာပြီး နောက်ထပ်ဘုရားတစ်ဆူ ပွင့်တော့မယ်ဆိုတာသိတော့ လူ့ပြည်မှာ ဘုရားတွေကလည်း ခဏခဏပွင့်နေတော့တာပဲလို့ ညည်းပါသတဲ့။ ဒါကြောင့် ရှေးလူကြီးတွေက အအိပ်မက်တဲ့သူများကို ကာလနဂါးနဲ့ ခိုင်းနှိုင်းကြဟန် တူပါရဲ့။ ကာလနဂါးမင်းဟာ ဘယ်လောက်တောင် အအိပ်ကြီးသလဲဆိုရင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်ကျင့်ပြီးမှ ပွင့်ရတဲ့မြတ်ဘုရားရဲ့ အချိန်ကာလတွေကို ခဏလေးလို့ ပြောလိုက်တဲ့အထိ အအိပ်ကြီးတာပါ။

တစ်အသင်္ချေဆိုတာ တစ်နောက်မှာ သုည ၁၄၀ လုံးရှိတဲ့ ကာလဖြစ်သလို ကမ္ဘာတစ်ခုရဲ့ သက်တမ်းဆိုတာလည်း အကြာကြီးပါ။ ယနေ့ခေတ် သိပ္ပံပညာရှင်များတောင် ကမ္ဘာရဲ့သက်တမ်းအတိအကျကို မခန့်မှန်းနိုင်ကြသေးပါဘူး။ အခုလည်း အမရပူရ ရွှေဂူကြီးဘုရားက ထွက်ပေါ်လာတဲ့ ရွှေခွက်မျှောခန်း ရုပ်တုလေးကို ကြည့်လိုက်ပါ။ ဘုရားအလောင်းတော်ဟာ ပလ္လင်္ကသနပုံစံထိုင်နေပြီး ဗောဓိရိုးဟန် ဘူမိဖဿမုဒြာဖြင့် စံနေတော်မူပါတယ်။ ဘုရားမဖြစ်သေးဘဲ ဘုရားပုံကဲ့သို့ မဏိတော်အပေါ်က ချွန်နေတဲ့ ဥဏှိသရောင် လျှံတော်ပါနေတာကို ကတ်သတ်ပြီး ဝေဖန်မယ်ဆိုရင်တော့ ရတာပေါ့လေ။ သို့သော် ဖန်တီးတဲ့ပညာရှင်ဟာ သတိမလွတ်စေဘဲ "နဒီဝက်" ဆိုတဲ့အတိုင်း နေရဉ္ဇရာမြစ်ကိုတော့ ကွေ့ကောက်နေဟန် ပုံဖော်ထားပါတယ်။ မြစ်လယ်တစ်ကြောမှာတော့ ရွှေခွက်လေးလုံးကို ချစ်စရာဖြစ်အောင် ဗုဒ္ဓဝင်နဲ့လည်းညီအောင် ဖန်တီးထားပါတယ်။ ကာလနဂါးပုံကိုတော့ ရွှေခွက်များရဲ့အဆုံးမှာ အမောက်ထောင်ပြီး ခွေနေဟန် ဖန်တီးထားပါတယ်။ အမောက်ပဲထောင်တာနော် ပါးပျဉ်းမပါစေဘူး။ နောက်ပြီး နဂါးပုံဖော်ရာမှာလည်း ဖြစ်ပြီးရောသဘောမျိုးမဟုတ်ဘဲ နဂါးရဲ့အင်္ဂါရပ်တွေဖြစ်တဲ့ အမောက်၊ အတက်၊ အကြေးခွံအပြင် ခေတ်ခွဲခြားရာမှာ အလွန်အရေးပါတဲ့ ပါးစပ်ကိုလည်း ခေတ်လက္ခဏာအပြည့်အစုံပါအောင် ဖန်တီးထားတာ ချီးကျူးစရာပါ။

အဓိကထောက်ပြချင်တာက ဖန်တီးသူ ပန်းတဉ်းပညာရှင်ဟာ စားဝတ်နေရေးအလို့ငှာ ဝတ္တရားကျေ ပြုလုပ်ထားတာမဟုတ်ဘဲ စေတနာအားတွေ ပေါင်းထည့်ထားလို့သာ တွေ့တဲ့သူက ဗုဒ္ဓဝင်လာဇာတ်ကွက်တစ်ခုဖြစ်ကြောင်း ချက်ချင်းသိစေတာပါ။ နောက်ပြီး ပြုလုပ်နေကျ ပုံမှန်ဗုဒ္ဓဝင်ဇာတ်ကွက်တွေနဲ့မတူအောင် စဉ်းစားပြီး ဖန်တီးထားတာကလည်း သဘောကျစရာကောင်းတယ်လို့ ညွှန်းဆိုပါရစေ။

ကျမ်းကိုး - ဓိနုတ္တပကာသနီ၊ ကျီးသဲလေးထပ်ဆရာတော်
- လက်တွေ့ကွင်းဆင်းလေ့လာချက်များ

ရက္ခိတ(ရှေး/သု)

## ကျောင်းတွင်းသင်ထောက်ကူပြိုင်ပွဲ ကျင်းပ

**မိုင်းပျဉ်း စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းတွင်းသင်ထောက်ကူ ပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက အုပ်စုလိုက် သော်လည်းကောင်း၊ တစ်ဦးချင်း သော်လည်းကောင်း ကျောင်းသင်ခန်းစာပါ ဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက လှည့်လည်ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်ကလေးများက မိမိတို့ ပါဝင်ယှဉ်ပြိုင်ထားမှုများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။



(ဓါတ်ပုံ)

အဆိုပါ ကျောင်းတွင်းသင်ထောက်ကူပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသားစုံညီပွဲတော်ကျင်းပချိန်၌ ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဗုဒ္ဓဘာသာဆိုင်ရာစာအုပ်များ ပေးအပ်လှူဒါန်း

**ဇမ္ဗူသီရိ စက်တင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်သာသနာရေးမှူးရုံး၌ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်နေ ထုတ်ဝေသူ အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုးက ဗုဒ္ဓဘာသာ သာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး အမျိုးသားစာပေဆုရ စာရေးဆရာက ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်များ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်ဖြစ်သူ အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုးက နေပြည်တော်သာသနာရေးမှူးရုံး၊ ပွင့်ဖြူမြို့နယ် လယ်ကိုင်း ကျေးရွာစာကြည့်တိုက်နှင့် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့အား မင်္ဂလာတိုက်ကျောင်း၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေသရ၏ ဘဝဖြစ်တော်စဉ် စာအုပ်၊ မဲခေါင်စာပေဆုရ နေမင်းသန်းက မြန်မာဘာသာဖြင့် ရေးဖွဲ့ပူဇော်ပြီး ပါမောက္ခ ဒေါက်တာဇော်ထွန်းက အင်္ဂလိပ်ဘာသာပြန်ဆို ရေးဖွဲ့ပူဇော်သည့် သီကုံးပန်ဆင်ကဗျာဗုဒ္ဓဝင်စာအုပ်တို့အား ပေးအပ်လှူဒါန်းခဲ့ပြီး နေပြည်တော်သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူးက ဗုဒ္ဓဝင်ဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားပြီး အလှူရှင် အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သာသနာရေးဦးစီးဌာနက ထုတ်ဝေသည့် သာသနာ့ရောင်ခြည် စာအုပ်များအား ပြန်လည်ပေးအပ်ကာ အခမ်းအနားတက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



## ကိုယ့်အားကိုယ်ကိုး

* ကိုယ့်စိတ်ဓာတ်ကို
ကိုယ်တိုင်မြှင့်မှ
မြင့်မားတိုးတက်ကြပါမည်။
* ကိုယ့်အတွက်ကို
ကိုယ်တိုင်လွှင့်မှ
လွင့်မျောပျောက်ကွယ်ကြပါမည် ။
* ကိုယ့်ဒုက္ခကို
ကိုယ်တိုင်ရွှေ့မှ
ရွှေ့လျားဝေးကွာကြပါမည် ။
* ကိုယ့်တွင်းမီးကို
ကိုယ်တိုင်ငြိမ်းမှ
ငြိမ်းအေးချမ်းသာကြပါမည် ။
* ကိုယ့်ရမ္မက်ဇော
ကိုယ်တိုင်မျှောမှ
မျောလွင့်ကင်းဝေးကြပါမည် ။
* ကုသိုလ်ကောင်းမှု
ကိုယ်တိုင်ပြုမှ
ကိုယ်ပြုသည့်ကံ ကိုယ်သာစံရမည် ။
* ကိုယ့်အားကိုယ်ကိုး
ကိုယ်တိုင်ပျိုးပါ
မိမိကိုယ်သာ ကိုးကွယ်ရာ ။ ။

**မိုးထက်ကို(အမရပူရ)**




## လူငယ်စကားဝိုင်း ကျင်းပ၊ အသိပညာပေးနံရံကပ်စာစောင်များ ပြသ

**ပုဗ္ဗသီရိ စက်တင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့တွင် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အ·ထ·က(ခွဲ) မင်္ဂလာဒီပကျောင်း၌ ကျင်းပသည်။

(ယာပုံ)

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ "လူငယ်နှင့်ကျင့်ဝတ်"၊ "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှာ လူငယ်တွေ ဦးဆောင်ပါဝင်စေချင်"၊ "လူငယ်များ အတွေးမမှားဘဲ ကြိုးစားကြပါ"နှင့် "မွန်မြတ်သည့် ပရဟိတစိတ်ဖြင့် အခက်အခဲကို ကျော်လွှားပါ" စသည့်ခေါင်းစဉ်များဖြင့် ကျောင်းသူလေးဦးက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ၄င်းကျောင်းသူလေးဦးက ပြန်လည်ဖြေကြားဆွေးနွေးကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ခေါင်းစဉ်တစ်ခုချင်းအလိုက် ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ လူငယ်စကားဝိုင်း အပြီးတွင် ကျောင်းသား၊ ကျောင်းသူများသည် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်များအား ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ၏ (၁၈)ကြိမ်မြောက် ဘုံကထိန် ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေး နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသရှိ ဘုန်းတော်ကြီးကျောင်းများအတွက် မန္တလေးတောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယကအဖြစ် ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် ကထိန်ဖြစ်မြောက်ရေးအဖွဲ့သည် ယခုနှစ်တွင်လည်း ဘုန်းတော်ကြီးကျောင်းပေါင်း ၁၅၈၃ ကျောင်းတို့အား (၁၈)ကြိမ်မြောက်အဖြစ် ယခင်နှစ်များကဲ့သို့ လှူဒါန်းကုသိုလ်ပြု ရေစက်ချသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းစာ ပဒေသာပင် တစ်ပင်လျှင် ငွေကျပ် တစ်သိန်းတစ်သောင်းနှုန်းဖြင့် ကထိန်ဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူနိုင်မည်ဖြစ်ပြီး အလှူခံရရှိရေးအတွက် မန္တလေး လေးပြင်၊ လေးရပ်သို့ အလှူခံလှည့်၍ နှိုးဆော်ကြမည် ဖြစ်သည်။ လှို့ဆော်ရေးအဖြစ် အောက်တိုဘာလတွင် စီစဉ်မည်ဖြစ်သည်။ ကထိန်အလှူခံရရှိသည့် ပဒေသာပင်တို့အား ယခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း (ဖယ်ခုံ) ဗဟိုသာသနာပြုကျောင်းတွင် ကျင်းပမည် ဖြစ်သည်။ ခရီးစဉ်အား လွိုင်ကော်၊ ဖယ်ခုံ၊ တောင်ကြီး၊ မွေတော်ကက္ကူ၊ အင်းလေး၊ ပင်းတယ သာသနာပြု ခရီးစဉ်ရှိပြီး ဧပြီလတွင် စီစဉ်ထားသည်။ ထို့အပြင် (၁၆)ကြိမ်မြောက် ရှင် ၁၀၀ စုပေါင်း ရဟန်းခံ ရှင်ပြုပွဲကိုလည်း တောင်ကြီးမြို့၊ မုံတဝလမ်း မေတ္တာသုခ သာသနာ့ပရဟိတကျောင်းတွင် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါ၍ နှစ်စဉ် လှူဒါန်းကုသိုလ်ပြုသူတို့အနေဖြင့် ရှင်တစ်ပါးစာလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် သာမဏေဒါယကာ၊ ဒါယိကာမများအဖြစ် သာသနာ့အမွေခံယူနိုင်ကြောင်း သိရသည်။

အလှူရှင်များအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး) ဖုန်း ၀၉-၄၀၂၆၉၂၅၂၂ နှင့် ၀၉-၆၆၀၈၅၀၃၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၉)

## ရွှေနန်းတော်အားကစားအဖွဲ့မှ စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့မှ ဦးစီး၍ မန္တလေးမြို့ ရွှေနန်းတော် အားကစားအဖွဲ့က (၁၂)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် အနောက်ခင်မကန်တိုက်မှ သံဃာတော်အပါး ၂၀၀ နှင့် ရတနာပုဂံကျောင်းမှ သံဃာတော်အပါး ၅၀၊ စုစုပေါင်း အပါး ၂၅၀ တို့ကို ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် မန္တလေးမြို့ ရွှေနန်းတော်အားကစားအဖွဲ့မှ ဆွမ်း၊ ဆွမ်းဟင်း၊ အရံဆွမ်း၊ ဟင်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၉၃)



## မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၃၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တွင် လေးပြင်၊ လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကြသည်။

(အောက်ပုံ)

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၁၃၂)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဘဲဥအချဉ်ချက်၊ အညာမြေပဲငါးပိကြော်တို့ကို ၃၆ လမ်းနှင့် ၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော သံဃာတော်အပါး ၂၀၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်၍ ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်၊ လေးရပ်မှ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)





## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေ လှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မိသားစုများဖြစ်ကြသော ဖခင်ကြီး ဦးထီ၊ မိခင်ကြီး ဒေါ်ပွားတို့အား ရည်စူး၍ မန္တလေးမြို့နေ သားသမီးမြေးတစ်စု(နိုင်းပွိုင့် သောက်ရေသန့်)မိသားစုက ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသလ (ဓမ္မာစရိယ၊B.A)ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြပြီး ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၃၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ငါးသိန်း၊ စုစုပေါင်းငွေကျပ် ၃၅ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(အပေါ်ပုံ)

ထို့နောက် အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ နဝကမ္မဝတ္ထုငွေများကို တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

PNT

## ဆင္ဃမအကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူ

**ပင်းတယ စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်ဓမ္မာရုံကြီး၌ စက်တင်ဘာ ၁၃ ရက် နံနက် အရုဏ်တက်ချိန်တွင် မြို့ပေါ် ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းမှ သံဃာတော် ၃၈၈ ပါး အား အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပသည်။

သံဃာ့ဒါန ဆွမ်းလောင်း အသင်း၏ ဆင္ဃမအကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ဦးဆောင် ပေးကြသည့် အသင်းဥက္ကဋ္ဌ ဦးကျော်သူရနှင့် အသင်းဝင်များက ဝေယျာဝစ္စပြုလုပ်ပေးကြ၍ ဆွမ်းအလှူရှင် ပင်းတယမြို့၊ ရွာသစ်ရပ်ကွက်နေ ဦးကျော်၊ (ဇနီး) ဒေါ်ဝိုင်းတင်၊ (သားသမီး) ဦးစိုးလင်းအောင်၊ (ဇနီး) ဒေါ်စန်းစန်းမြင့်မိသားစုနှင့် တောင်ကြီးမြို့နေ ဦးနိုင်ဝင်းအောင်၊ (ဇနီး) ဒေါ်သီသီအေး၊ (သမီး) မသော်တာမေမြတ်နိုး မိသားစုတို့က စုပေါင်း၍ ဆွမ်းနှင့် ဆွမ်းဟင်းများဖြင့် မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ ကြွရောက်တော်မူလာကြသော သံဃာတော်၊ ရဟန်း၊ ရှင်သာမဏေများအား လောင်းလှူခဲ့ကြကြောင်း သိရသည်။

(၃၃၈)

## မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ ပြုပြင်ရန် စေတနာရှင်များက ငွေများလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၄**

ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ တန်ဆောင်း၊ ပြာသာဒ်များအား ဂေါပကအဖွဲ့မှ ကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိပြီး စေတနာရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ (အေ)၊ ၅၈လမ်းနှင့် ၅၉လမ်းကြားနေ ဦးကျော်သူ + ဒေါ်စောနန္ဒီလင်း မိသားစုက သာသနဟိတခေ ရသေ့ကြီး ဦးခန္တီ ကောင်းမှု မန္တလေးတောင် ခတ်တော်တိုက်ဘုရား ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ တို့ကို လာရောက်လှူဒါန်းရာ မန္တလေးတောင်တော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဘဏ္ဍာရေးမှူး ဦးသောင်းညွန့်နှင့်အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပေးအပ်ခဲ့သည်။ (အောက်ယာပုံ)

ကုသိုလ်ရှင်များအနေဖြင့် သံ(သုံးမူး) ၀ ဒသမ ၂၅ တန်လျှင် ငွေကျပ် ၉၅၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ သံ(သုံးမူး) ၀ ဒသမ ၅ တန်လျှင် ငွေကျပ် ၁၉၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သံ(သုံးမူး) ၁ တန်လျှင် ငွေကျပ် ၃၈၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထုံးတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့်လည်းကောင်း၊ သဲတစ်ကျင်းလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ချိုင်ပင်ကျောက်တစ်ကျင်းလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ (B) ကျောက်တစ်ကျင်းလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အုတ်တစ်ချပ်လျှင် ငွေကျပ် ၃၅၀ နှုန်းဖြင့် လည်းကောင်း၊ ဆီဆေး တစ်ဂါလန်လျှင် ငွေကျပ် ၇၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေး တစ်ဂါလန်လျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေး တစ်ပုံးလျှင် ငွေကျပ် ၂၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ 1' x 1' ကြွေပြားတစ်ချပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့်လည်းကောင်း မန္တလေးတောင်ဂေါပကအဖွဲ့ရုံးနှင့် ဆုတောင်းပြည့်ဘုရားရင်ပြင် အလှူခံဌာနတို့တွင်လည်းကောင်း၊ ဂေါပကအဖွဲ့ ဖုန်း ၀၉-၇၈၇၆၅၉၇၇၅ နှင့် ၀၉-၄၄၁၀၃၈၈၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၅)



# အိုဘယ့်ချင်းမိုင်(၁၁)

ထိုအပင်မှာ မြန်မာအမည် နှောင်းပလ္လင်ပင်၊ အင်္ဂလိပ်အမည် (Cannonball Tree/Couroupita Guianensis) ပါတဲ့။ အပင်ကြီးမား၍ ညိုသော အရောင်အဆင်းရှိပြီး အလွယ်တကူ ဗုံးဖောက်သီး(ဗုံးသီး)ဟု ခေါ်ကြသည်။ မြန်မာနိုင်ငံရှိ ဘုရားကျောင်းနှင့် သာသနိကအဆောက်အအုံနေရာတွေမှာ စိုက်ပျိုးလေ့ရှိကြောင်း သိရပါသည်။ ကျွန်တော်ကမူ ယခုချင်းမိုင်တောင်တော်ရောက်မှသာ မြင်ဖူးခြင်းဖြစ်သည်။ အပင်အနီးမှိုင်းရှိ ပင်စည်မှထွက်သော အသီးများကို မခူးဆွတ်နိုင်ရန် ပိုက်ကွန်ဖြင့် ကာကွယ်ထားသည်။

ဘုရားရင်ပြင်တော်သို့ ဆက်လက်လျှောက်လှမ်းလာရာ မကြာမီပင် အနုပညာပန်းပုလက်ရာမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုဟန် လျောင်းတော်မူပုံကို ဖူးတွေ့ရသည်။ အနုပညာလက်ရာမြောက်ကျွန်းသားပန်းပုလက်ရာဖြစ်ပြီး အောက်ခံ ကြာပလ္လင်တော်တွင် ထိုင်းဘာသာအပြင် အင်္ဂလိပ်ဘာသာဖြင့် Heedfulness is the way to deathless, Heedlessness is the way to death.(မမေ့လျော့ခြင်းသည် မသေရာအကြောင်း၊ မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်း)ဟူသော အပ္ပမာဒတရားကို လူအများ သတိပြုဆင်ခြင်နိုင်ရန် ရေးထိုးထားလေသည်။ ရေရှည်တည်တံ့ခိုင်မြဲစေရန် ရုပ်တုတော်ကို မှန်ပေါင်သွင်းထားလေသည်။

ကျွန်တော်သည် ချင်းမိုင်တောင်တော်ရှိ ရွှေရောင်စေတီတော်ကို ဦးချကန်တော့ပြီးနောက် လန်နယဉ်ကျေးမှုစေတီ တည်ဟန်ကို သုံးသပ်နေမိသည်။ ပလ္လင်ပုံရှိ ဖိနပ်တော်၏အထက်ပိုင်း လုံးတော်သည် ရှစ်မြှောင့်ကတော့ပုံဖြစ်ပြီး အဆင့်ဆင့်အထက်ပိုင်းသို့ တဖြည်းဖြည်းရှူးသွားသည်။ ရှစ်မြှောင့်ပုံကိုယ်ထည်ပေါ်တွင် သိပ်မမြင့်လှသော ခေါင်းလောင်းတော်ရှိသည်။ သို့သော် လုံးချောမဟုတ် ရှစ်မြှောင်ပုံပင်ဖြစ်သည်။ ခေါင်းလောင်းတော်၏အထက်၌ တစ်ခုနှင့်တစ်ခု အနည်းငယ်ခြားသော ဖောင်းရစ်ကြီးနှစ်ခုပါရှိသည်။ ရှစ်မြှောင့်ပုံမူလီခေါင်းကြီးနှစ်ခုကို အနည်းငယ်ခြား၍ စွပ်ထားသကဲ့သို့ ရှိသည်။ သီဟိုဠ်လက်ရာပုံရှိသော စေတီများတွင် ထိုနေရာသည် ဓာတုဂဗ္ဘ(ခေါ်) ဓာတ်တော်တိုက်နေရာဖြစ်သည်။ ၎င်းအထက်၌ ဖောင်းရစ်ငယ် ၁၀ ခုသည် အထက်သို့ တဖြည်းဖြည်း ရှူးကာ တည်ရှိသည်။ ဖောင်းရစ်အထက်ရှိ ၎က်ပျောဖူးမှာ သေးသွယ်ပြီး ထိုအထက်၌ ထီးတော်သည် မွန်ထီးနှင့်တူ၍ အဝိုင်းရစ်အခွေငါးခုသည် အထက်သို့ တဖြည်းဖြည်း သေးသွားသည်။ အဆုံး၌ ၎က်မြတ်နားနှင့် စိန်ဖူးတော်ပါရှိသည်။ ဤကား တိုင်မျိုးနွယ်စု၏ လန်နယဉ်ကျေးမှုလက်ရာပင်တည်း။

ကျွန်တော်သည် ရွှေရောင်တောင်တော်စေတီကို ဖူးမြော်ပြီးနောက် ဘုရားရင်ပြင်တော်ရှိ View Point နေရာမှ ချင်းမိုင်မြို့တည်နေပုံကို အပေါ်စီးမှကြည့်မိ၏။ ချင်းမိုင်မြို့ စည်ပင်သာယာဝရိယာအတွင်း၌ ဖြူဖွေးသော တိုက်တာအဆောက်အအုံတို့ကို တွေ့ရသည်။ အခြားကမ္ဘာ့မြို့တော်များနှင့် နှိုင်းယှဉ်ပါက အထပ်မြင့်အဆောက်အအုံများ နည်းပါးသည်။ မြို့တော်ဝန်းကျင်၌ တောင်တန်းများက ဝန်းရံလျက်သစ်ပင်သစ်တောများဖြင့် မှိုင်းမှိုင်းညို့ညို့၊ လယ်ကွက်ယာကွက်များဖြင့် စိမ်းစိမ်းစိုစို၊ မြို့၏အရှေ့ဘက်၌ရှိသော ဤချင်းမိုင်တောင်သည် သစ်ပင်၊ တော၊ တောင်၊ ဘုရားစေတီများနှင့် မြို့၏ကျက်သရေကို ဆောင်နေပါသည်။

ချင်းမိုင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၃၁၀ (၁၀၂၂ ပေ) မြို့ပြဧရိယာမှာ ၄၀ ဒသမ ၂၁၆ စတုရန်းကီလိုမီတာ (၁၅ ဒသမ ၅၂၇ စတုရန်းမိုင်) ကျယ်ဝန်းသည်ဟု သိရပါသည်။ နောင်မှ သိရသည်မှာ ထိုင်းလူမျိုးတို့သည် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဆီမီးခွက်များ၊ ဆီမီးတိုင်များ၊ ပန်းနံ့သာများ ကိုင်ဆောင်၍ မိုးချုပ်သည်မှ ညဥ့်သန်းခေါင်ကျော်သည့်တိုင်အောင် ချင်းမိုင်တောင်တော်ရှိ စေတီ၊ ပုထိုးများကို တက်ရောက်၍ ပူဇော်ကြကြောင်း သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရပါသည်။ **(စကားချပ်)**

ချင်းမိုင်သည် မှုတပြီး အေးချမ်းသာယာသော ရာသီဥတုရှိသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် လန်နယဉ်ကျေးမှုထွန်းကားရာ ရှေးယဉ်ကျေးမှုမြို့တော်ဟောင်း (Cultural City)ဟု ဆိုနိုင်ပါသည်။ ဝီကီပီဒီးယားတွင် ဖော်ပြချက်အရ ချင်းမိုင်သည် မြန်မာနိုင်ငံ၊ သရေခေတ္တရာ(ခေါ်)ပြည်မြို့၏ အရှေ့စူးစူး လောင်ဂျီကျူ ၉၉ ဒီဂရီ မျဉ်းတစ်ပြေးတည်း တည်ရှိပြီး မြန်မာနိုင်ငံ နယ်စပ်မျဉ်းမှ အရှေ့ဘက် မိုင် ၈၀ အကွာ၌ တည်ရှိလေသည်။

**'ဥယျာဉ်ဟိုတယ်သို့'**

ကျွန်တော်တို့အဖွဲ့သည် ချင်းမိုင်တောင်တော်စေတီမှ ညနေစာ သုံးဆောင်မည့် ချင်းမိုင်မြို့လယ်ရှိ ဥယျာဉ်ဟိုတယ် (Holiday Garden Hotel) သို့ရောက်တော့ ညနေ ၅ နာရီခွဲရှိပါပြီ။ ဥယျာဉ်ဟိုတယ်ဆိုသည့်အတိုင်း (U)ယူပုံ သဏ္ဌာန်အဆောက်အအုံအရှေ့ဘက် မြေကွက်လပ်ရှိ ရေကူးကန်၏ပတ်လည်တွင် အုန်းပင်များ၊ သစ်ခွပင်များ၊ လေးနာရီပန်းပင်များ၊ ထားဝယ်မှိုင်းကဲ့သို့ ပန်းပင်များ၊ ဂမုန်းပင်များအပြင် တရုတ်စံကားပင်များနှင့် စိုစိုပြည်ပြည် ရှိလှသည်။

အချိန်မှာ မကြာမီ မှောင်ရီပျိုးတော့မည်မို့ မည်သူမျှ ရေကူးရန် စိတ်မကူးကြတော့ဘဲ ဟိုတယ်၏ မြေညီထပ်သို့သာ တန်းတန်းမတ်မတ် ဝင်ရောက်ကြလေသည်။ ကြယ်လေးပွင့်(သို့မဟုတ်)ငါးပွင့်အဆင့်ရှိ ဟိုတယ်များ၏ထုံးစံအတိုင်း မိမိနှစ်သက်ရာ ဟင်းလျာများကို ကိုယ်တိုင်ယူ၍ စားသုံးနိုင်သည်။ အစားအစာတို့မှာ များသောအားဖြင့် တရုတ်ဟင်းလျာများဖြစ်သည်။ ညစာလျှော့လိုသူများအတွက် စွပ်ပြုတ်၊ အချိုရည်၊ ကြက်ဥ၊ နွားနို့နှင့် အသီးအနှံတို့ကို စားသုံးနိုင်ပါသည်။

ကျွန်တော်တို့သည် တစ်နေ့တာ ခရီးစဉ်အတွေ့အကြုံများကို ပြောဆိုကြလျက် အတူတူ ထမင်းမြိန်ကြပါသည်။ ညနေစာသုံးဆောင်ပြီးနောက် ကျွန်တော်တို့အဖွဲ့သည် တစ်စုတစ်စည်းတည်း တည်းခိုနိုင်မည့် ချင်းမိုင်မြို့လယ်ရှိ ဖုရာမ(Furama)ဟိုတယ်သို့ ထွက်ခဲ့ကြသည်။

ဖုရာမမှာ ချင်းမိုင်မြို့လယ်ရှိ အချက်အချာနေရာ၌ တည်ရှိပြီး မြို့လယ်ဗဟိုလမ်းမကြီးနှင့် တစ်ပြခန့်သာ ကွာဝေးသည်။ အထပ်ပေါင်း ၂၀ ခန့်အနက် ကျွန်တော်တို့ အမျိုးသားများမှာ ၁၇ ထပ်၌ နေရာရလေသည်။ နှစ်ယောက်တစ်ခန်း နေရာချပေး၍ ကျွန်တော်နှင့် ကိုကျော်နိုင်ဝင်းက တစ်ခန်းယူပါသည်။ ကိုကျော်နိုင်ဝင်းမှာ အခန်းရသည်နှင့် မီးများကိုဖွင့်လျက် ရေချိုးရန် ပြင်ဆင်ပါတော့သည်။ သူက အအေးကြိုက်သည့် ရှမ်းပြည်နယ်က ကလောသား မဟုတ်ပါလား။

ကျွန်တော်သည် လမ်းမကြီးဘက် မျက်နှာမူနေသော မှန်ကာအခန်း၏လိုက်ကာကို ဆွဲဖွင့်မိသောအခါ ခပ်လှမ်းလှမ်းရှိ လမ်းမကြီး၌ လျှပ်စစ်မီးတိုင်များသည် ထိန်ထိန်လင်းလျက် မော်တော်ကားတို့သည် တောင်မှမြောက်၊ မြောက်မှတောင်သို့ လူးလာခေါက်ပြန်မောင်းကြလျက် လူအများသည်လည်း မိုးနံ့သင်းစပြုသည့် ညချမ်းအခါတွင် အစုလိုက်၊ အဖွဲ့လိုက် သွားလာကြလျက်။ စတိုးဆိုင်များ၊ စားသောက်ဆိုင်များတွင်လည်း လူစည်ကားဆဲ။ လမ်းမကြီး၏အရှေ့ဘက် ပလက်ဖောင်း၌ မာယာ (MAYA) ကုန်တိုက်ကြီးကလည်း မီးများ လင်းထိန်လျက် အထူးသဖြင့် ထိုကုန်တိုက်ကြီး၏ ရောင်ပြန်တီဗွီဖန်သားပြင်မှ ကုန်ပစ္စည်းကြော်ငြာများ ထုတ်လွှင့်လျက်။ လမ်းမကြီးတစ်လျှောက် အကွက်ကျကျ စိုက်ထူထားသော မာကျူရီနီယွန်မီးတိုင်ကြီးများက ဝန်းကျင်တစ်ခွင် ထိန်ထိန်လင်းလျက် အချိန်ကား ည ၈ နာရီခွဲ။

သြော်…ဒဏ္ဍာရီထဲက နတ်တို့ပြည်ပါလားရယ်လို့ သည်သို့ ခံစားမိစဉ်ခဏ စိတ်ကူးထဲက ဝေါဟာရအချို့သည် ခံစားမှုနှင့်ပေါင်း။ ချင်းမိုင်ညသည် ရင်ခုန်သံကဗျာတစ်ပုဒ်အဖြစ် ကျွန်တော့် နှလုံးအိမ်မှ ပွင့်အန်လာပါသည်။

**'ချင်းမိုင်ည'**
**ဖုရာမမှ၊ လှမ်းမြင်ရ၏။**
**ညချမ်းချိန်ခါ၊ လူးလာတဲ့ခေါက်**
**လျှောက်ကြသည့်ဟန်၊ ကားသံလည်းကြား**
**မီးများလည်းဝင်း၊ ဈေးလည်းခင်း၏**
**သင်းမြလေပြည်၊ သုတ်လေချီသည့်**
**ဒဏ္ဍာရီထဲက နတ်တို့ပြည်။ ။**

ရေချိုးပြီးနောက် ခေတ္တမှတ်တမ်းရေးကာ ခရီးပန်းသဖြင့် ကျွန်တော်သည် ထိုည၌ စောလျင်စွာ အိပ်ပျော်သွားလေသည်။

**'၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်'**

နံနက် ၆ နာရီ၌ ဟိုတယ် တယ်လီဖုန်းမှ 'မင်္ဂလာပါ'ဟူသော နံနက်ခင်း နှုတ်ခွန်းဆက်သံပေါ်လာ၏။ ကျွန်တော်လည်း 'မင်္ဂလာပါ'ခွန်းတုံ့ပြန်လိုက်သည်။ သုံးရက်ခန့် ဝမ်းချုပ်နေရာ ယနေ့မှ သွားလေ၏။ ရေချိုးခေါင်းလျှော်ပြီးသောအခါ နာရီက ၆ နာရီ ၃၅ မိနစ်ကို ညွှန်ပြနေသည်။ တည်းခိုနေသော ဖုရာမဟိုတယ်၏ ၁၇ ထပ်မှ မှန်လိုက်ကာကို ဆွဲဖွင့်၍ ချင်းမိုင်၏ သာယာအေးမြသော နံနက်ခင်းကို လှမ်းမျှော်ကြည့်မိသည်။ ခပ်လှမ်းလှမ်းရှိ လမ်းမမှ မီးတိုင်တို့ မှိတ်သွားလေပြီ။ ကားနှင့် ဆိုင်ကယ်အချို့ သွားလာနေ၏။ သို့သော် ဆူညံသော ဟွန်းတီးသံတို့ကို မကြားရချေ။

မြို့အရှေ့ဘက် နှစ်မိုင်ခန့်တွင် ချင်းမိုင်တောင်သည် မှိုင်းညို့ညို့နှင့် လေဝမ်းကို မှောက်ထားသော သဏ္ဌာန်ရှိ၍ ပမာဆိုမူ ချင်းမိုင်၏ ပကတိနံနက်ခင်းသည် ကျွမ်းကျင်သော ဆင်ဦးစီး၏ ထိန်းကျောင်းမှုအောက်ဝယ် ညင်သာစွာ လျှောက်လှမ်းနေသော ဆင်ပျိုမတစ်ကောင်နှင့်တူလေသည်။ အိုးတန်ဆန်ခတ် လှနေသော ချင်းမိုင်၊ ချင်းမိုင်တောင်ဝန်းကျင်တွင် မြေလွတ်ရိုင်းများ ရှိနေသေး၏။ သည်ကနေ့ လေ့လာရေး အစီအစဉ်ကား ချင်းမိုင်မြို့ နန်းတော်ဟောင်းနေရာ၊ မြို့လယ်ပန်းခြံ(Krungthai Park) နဝမမြောက်ဘုရင်ကြီး၏ တော်ဝင်အထိမ်းအမှတ်အဆောက်အအုံ (Royal Pavilion) စံပယ်ပန်းဘုရားနှင့် မြို့လယ်ကုန်တိုက်ကြီး (Central Fastival) တို့ပင်ဖြစ်၍ ဖုရာမတွင် နံနက်စာသုံးဆောင်ပြီးနောက် ကျွန်တော်တို့ ယဉ်ကျေးမှုနှင့် ဒေသန္တရလေ့လာရေးအဖွဲ့သည် မြို့လယ်ရှိ နန်းတော်ဟောင်းနေရာကို လေ့လာရန် ထွက်ခဲ့ကြသည်။


ချင်းမိုင်မြို့တော်ဟောင်း (Old City)

အချိန်က နံနက် ၈ နာရီ။ မကြာမီ နန်းတော်မြောက်ဘက် မြို့ရိုးဟောင်းလက်ကျန်ကို မြင်ရသဖြင့် ကျွန်တော်က ကားပေါ်မှပင် ဓာတ်ပုံမှတ်တမ်းတင်လိုက်သည်။ ကျွန်တော်တို့ကား ရပ်ဆင်းပြီး လေ့လာမည်က မြို့အရှေ့ဘက်မျက်နှာ သာဖေ့ဂိတ် (Tha Phae Gate) ကားဆရာဖိလိယူက ပြောသည်။ ထိုဂိတ်က လူအစည်ကားဆုံး၊ ကမ္ဘာလှည့်ခရီးသည် အများဆုံး လာရောက်လေ့လာသည့်နေရာ ဖြစ်ပါသတဲ့။

နန်းမြို့ရိုးအပြင်ဘက်ဧရိယာသည် ကျယ်ဝန်းပါသည်။ စတုဂံပုံ လေးထောင့်ကျောက်ပြားကြီးများကို ခင်းထားသည်။ ထို့ပြင် မြို့ရိုးအပြင်ဘက်၌ မလေးရှားပိတောက်၊ ငုဝါပင်ကဲ့သို့သော ပင်စောက်အမျိုးအစား သစ်ပင်များကို အကွက်ချစိုက်ပျိုးထားသည်။ ခိုဖြူ၊ ခိုပြာတို့သည် မြို့ရိုးပေါ်နှင့် ထိုနန်းတော် အဝင်ပေါက်၌ များစွာတွေ့ရသည်။ ဂိတ်ဝတွင် ခိုစာရောင်းသောဆိုင်များ၊ ရေသန့်နှင့် အချိုရည်ရောင်းသောဆိုင်များရှိ၍ ခရီးသွားများက ခိုစာကျွေးခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုဆွဲခြင်းများ ပြုကြ၏။

ဤမြို့တော်ဟောင်း (Old City) မှာ ချင်းမိုင်မြို့၏ အလယ်ဗဟိုတွင်ရှိပြီး စတုရန်းပုံရှိ၏။ ကျုံးရေပြင်နှင့် မြို့ရိုးဟောင်းမှာ ပြုပြင်မှုများရှိသော်လည်း အချို့နေရာ၌ မူလအတိုင်းထားရှိ၏။ မြို့အဝင်တံခါးများလည်း မြို့ရိုး၏လေးဘက်လေးတန်၌ ရှိနေသည်။ ပြုပြင်မှုများကို သာဖေ့ဂိတ်ဘက်၌ အများဆုံးတွေ့ရသည်။ ထိုဂိတ်ဘက် နန်းမြို့ရိုးနံရံအနီး၌ စိုက်ထူထားသော ကမ္ပည်းစာအရ အောက်ပါအတိုင်း သိရပါသည်။

သာဖေ့ဂိတ်သည် မြို့တော်ဟောင်း၏ အရှေ့ဘက် မြို့ရိုး၌ရှိပြီး ခရစ်နှစ် ၁၂၉၆ ခုနှစ်တွင် ဘုရင်မင်းရဲ (King Mangraj)က မြို့ကို တည်ထောင်ခဲ့သည်။ သာဖေ့ဂိတ်၏ မူလအမည်မှာ ချင်ဘတ်ရွာ(Chiang Buak Village)ကလေး အနီးတွင် တည်ရှိသောကြောင့် ချင်ဘတ်ဂိတ်ဟု အမည်တွင်ခဲ့သည်။ မျက်မှောက်ကာလတွင် တွေ့မြင်ရသော မြို့ရိုးကို ၁၉၈၅-၁၉၈၆ ခုနှစ်တွင် သမိုင်းသက်သေအထောက်အထား၊ ဗိသုကာအထောက်အထား၊ ၁၈၉၉ ခုနှစ် ဓာတ်ပုံမှတ်တမ်းအထောက်အထားများကိုအသုံးပြု၍ ဒေသန္တရအစိုးရ၊ ချင်းမိုင်မြူနီစီပယ်အဖွဲ့၏ ချင်းမိုင်တက္ကသိုလ်မှ ပညာရှင်များပူးပေါင်း၍ ပြန်လည်မွမ်းမံခဲ့သည်ဟု ဆိုပါသည်။

သန်းစိုးအောင်



## ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်

**အောင်လံ စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန အောင်လံမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကွင်းဆင်းဆေးကုသခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အောင်လံမြို့ မြို့မရဲစခန်း၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဖြူမာကိုက ကြက်သွန်ဖြူ၏ အသုံးဝင်ပုံ၊ ကန်စွန်းရွက်၏ အသုံးဝင်ပုံ၊ နနွင်း၏ အသုံးဝင်ပုံ စသည်တို့ကို အကျယ်တဝင့် ပြောကြားခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တက်ရောက်လာသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဆေးစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဆေးဝါးများ အခမဲ့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

## ဆီထွက်သီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

**ချောင်းဦး စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် စက်တင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီက ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်မာလာနွယ်က ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းများအကြောင်း၊ ဒေါ်ထက်ထက်အောင်က စိုက်ပျိုးနည်းစနစ်နှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၏ အရေးပါမှုအား ပို့ချပေးခဲ့သည်။ မြို့နယ်ဦးစီးမှူးက ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ရမည့်အချက်များအား ဖြည့်စွက်ဆွေးနွေးပြီး တောင်သူများအား စူပါဘိုကာရှီ ပြုလုပ်နည်းကို လက်တွေ့ပြသခဲ့သည်။ သင်တန်းသို့ ဌာနဆိုင်ရာဝန်ထမ်း ၁၆ ဦး၊ တောင်သူ ၅၉ ဦး၊ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ပြီး အတွေ့အကြုံများအား အပြန်အလှန်ဆွေးနွေးခဲ့ပြီး တောင်သူများကို နည်းပညာပေး လက်ကမ်းစာစောင်၊ သင်တန်းမှတ်စုများ၊ အပင်အားဆေးများ လက်ဆောင် ပေးအပ်ခဲ့သည်။

ချောင်းဦးမြို့နယ်၌ မိုးစပါး ၅၇၈၈ ဧက၊ ချည်မျှင်ရှည်ဝါ ဧက ၄၅၇၀၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာ၊ မြေပဲ၊ နှမ်းများ စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



## ဆန်အရောင်းဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ဆန်အရောင်းဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများကို ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံဦးစီးမှူး ဦးနိုင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ဆန်လက်လီ၊ လက်ကားရောင်းချနေသော အရောင်းဆိုင်များသို့ သွားရောက်၍ ဆန်ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ဆန်အရောင်းဆိုင်များအား စားသုံးသူရေးရာဦးစီးဌာနမှ ဆန်သတ်မှတ်ရည်ညွှန်းဈေးများအား လစဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ၄င်းဈေးနှုန်းထက်ဈေးနှုန်းမြှင့်တင်ရောင်းချဖြန့်ဖြူးခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် ဆန်များကို သိုလှောင်ခြင်း မပြုရန်နှင့် သက်ဆိုင်ရာဌာနတို့၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆန်တန်ချိန် ၂၅ တန်အထက် သိုလှောင်ပါက မြန်မာ့ဆန်စပါးအွန်လိုင်း (Myanmar Rice Online)တွင် မဖြစ်မနေ မှတ်ပုံတင်ရမည်ဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ ပုဂံမြို့များတွင် အင်တာနက်ဝန်ဆောင်မှုပေးလျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ကြသည်။

ညောင်ဦးခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မျိုးခိုင် ဦးဆောင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ညောင်ဦးမြို့နယ်အတွင်း အင်တာနက်ဝန်ဆောင်မှုပေးလျက်ရှိသော Ocean Wave ၊ KK Link အင်တာနက်ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ ကွင်းဆင်းအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၄၈၁)**

၀-၀-၀-၀-၀-၀

## ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ညောင်ဦး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများ ကြိုပက်စိုက်ပျိုးထားသည့် ပဲစင်းငုံစိုက်ခင်းများ မိုးရွာသွန်းမှုကောင်းခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းကာ ပဲစင်းငုံနုတ်သိမ်းချိန်၌ အထွက်နှုန်းကောင်းရန် သေချာသလောက်ရှိနေကြောင်း ရှင်မိန်ကျေးရွာမှ ပဲစင်းငုံ စိုက်ပျိုးတောင်သူများက ပြောသည်။

ညောင်ဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများသည် ပဲစင်းငုံ စိုက်ပျိုးခြင်းအား ကဆုန်လ၊ နယုန်လတို့တွင် မိုးဦး မိုးရွာသွန်းချိန် နှမ်းများ ကြိုပက်စိုက်ပျိုးချိန်နှင့်အတူ ပဲစင်းငုံအား ရောကာ ကြိုပက်စိုက်ပျိုးထားကြသည်။ နှမ်းများ နုတ်သိမ်းချိန်ဖြစ်သည့် ဝါဆိုလပြည့်ကျော်၊ ဝါခေါင်လဆန်း နှမ်းနုတ်သိမ်းပြီးချိန် မိုးရွာသွန်းပါက နှမ်းနှင့်အတူ ကြိုပက်စိုက်ပျိုးခဲ့သည့်ပဲစင်းငုံများ မြေဆွပေးသကဲ့သို့ဖြစ်ကာ ပဲစင်းငုံအပင်များ ကောင်းလာပြီး အပင်တက်အား ကောင်းလာကြောင်း ပဲစင်းငုံစိုက် တောင်သူများက ရှင်းပြသည်။ ပဲစင်းငုံအပင်သက်တမ်းသည် ငါးလ၊ ခြောက်လကျော်ကြာမြင့်ပြီး အဖူး၊ အပွင့်ပွင့်ချိန်သည် သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် ပွင့်ကြောင်း၊ အပွင့် ပွင့်ချိန် မိုးရွာသွန်းမှုများပါက အသီးသီးနှုန်း လျော့နည်းသွားနိုင်ကြောင်း အပွင့် ပွင့်ချိန် မိုးမရွာပါက ပဲစင်းငုံရဖို့ သေချာကြောင်း သိရသည်။ ပဲစင်းငုံ နုတ်သိမ်းချိန်သည် ပြာသိုလ၊ တပို့တွဲလတို့တွင် နုတ်သိမ်းလေ့ရှိပြီး နုတ်ထားသည့် ပဲစင်းငုံကိုင်းများ လက်တစ်နိုင်စာကိုင်ပြီး ပဲစင်းငုံခါစင်(ပီပါ၊ အမာခံ) ခံကာရိုက်ချပြီး အစေ့သပ်သပ်၊ ပဲရိုင်း၊ ပဲမှော်သပ်သပ် ခွဲခြားကာ ပဲစင်းငုံ သိမ်းခြင်းပြီးစီးကြောင်း သိရသည်။ **(အောက်ပုံ)**

ယခုနှစ်တွင် ညောင်ဦးမြို့နယ် တစ်မြို့နယ်လုံး ပဲစင်းငုံ ၁၃၁၈၉ ဧက စိုက်ပျိုးထားရှိကြောင်း၊ ပဲစင်းငုံစိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းမှု ကောင်းမွန်နေကာ ပဲစင်းငုံပေါ်ချိန် ဈေးကောင်းရရန် ကျေးလက်တောင်သူများ မျှော်လင့်နေကြပြီး မနှစ်က ပဲစင်းငုံပေါ်ခါစ တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ရောင်းချခဲ့ရကြောင်း သိရသည်။ **(၄၈၁)**





## ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ရန်အတွက် ကွင်းဆင်းတိုင်းတာ

**တံတားဦး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ အချိန်ကုန်သက်သာလွယ်ကူစွာ တင်ပို့ရောင်းချနိုင်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားနိုင်ရေးအတွက် ဘလဲ့ဘကျေးရွာအုပ်စု၊ အုတ်ကျွတ်ဖိုကျေးရွာ ကုန်ထုတ်လမ်းအရှည် (၁/၂ ဒသမ ၃၀)မိုင် ဖောက်လုပ်နိုင်ရေးအတွက် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာများ၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက အုတ်ကျွတ်ဖိုကျေးရွာ ကုန်ထုတ်လမ်းသို့ မြေပြင်ကွင်းဆင်း၍ Feasibility Survey တိုင်းတာခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကွင်းဆင်းတိုင်းတာခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အုတ်ကျွတ်ဖိုကျေးရွာ ကုန်ထုတ်လမ်းအရှည် (၁/၂ ဒသမ ၃၀)မိုင် ဖောက်လုပ်ပြီးစီးပါက အုတ်ကျွတ်ဖိုကျေးရွာရှိ အိမ်ခြေ ၁၉၀ ၊ လူဦးရေ ၇၉၆ ဦး၊ အကျိုးပြု ဧက ၃၂၀ ၊ အကျိုးပြုမည်ဖြစ်ကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

**အောင်ရဲကျော်**

## အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများရှိ အောက်ဖော်ပြပါ အတည်ဆိုင်ခန်းလွတ်များအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **မန်းသီရိဈေး (၅'×၅') အတည်ဆိုင်ခန်း(၈)ခန်း**
(၃၄၊ ၆၂၊ ၁၂၉၊ ၁၃၀၊ ၁၃၆၊ ၂၁၀၊ ၂၅၅၊ ၂၆၅)

(ခ) **သီရိမာလာဈေး၊ ငါးရုံ (၆'×၆')ပေ အတည်ဆိုင်ခန်း(၁၅)ခန်း**
(၄၊ ၅၊ ၉၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၆၊ ၂၇၊ ၂၈)

(ဂ) **ညောင်ပင်ဈေး (၅'×၈') အတည်ဆိုင်ခန်း(၁၆)ခန်း**
ရုံ-၁/ (၇၊ ၈၊ ၄၀၊ ၄၆)၊ ရုံ-၂/ (၆၀၊ ၇၉၊ ၈၂၊ ၈၃၊ ၈၆)၊ ရုံ-၃/ (၄၂၊ ၅၄၊ ၆၈၊ ၈၁၊ ၈၆)၊ ရုံ-၄/ (၆၉၊ ၉၃)

(ဃ) **ဈေးချို ပထမထပ် (၈'×၈') အတည်ဆိုင်ခန်း(၁)ခန်း**
ဆိုင်အမှတ် F-ရုံ(၅၅)

(င) **ရတနာပုံဈေးမြေညီထပ် အတည်ဆိုင်ခန်း(၆)ခန်း**
(၆'×၁၂') O-ရုံ(၄၆)၊ (၆'×၆') N-ရုံ (၁၉၊ ၁၁၁၊ ၁၁၂၊ ၁၁၉)၊ (၆'×၆') U-ရုံ (၇၇)

(စ) **ဈေးချိုဧရိယာ၊ (၇)ရုံ အုပ်စု၊** (၅'×၅') ကြက်ဆိုင်(၁)ခန်း

(ဆ) **ဈေးချိုဧရိယာ၊ရွှေကုံကော်ရုံပထမထပ်(၁၀'×၁၀')(၂)ခန်း၊**
ဆိုင်အမှတ်(၄၀၄၊ ၄၁၂)

(ဇ) **ဈေးချိုဧရိယာ၊၈၆လမ်း(၂၈×၂၉)လမ်းကြား၊(၅'×၆')(၂)ခန်း၊**
ဆိုင်အမှတ် (၃၀၈၊ ၃၂၆)

(ဈ) **ဈေးချိုဧရိယာ၊ ကိုင်းတန်းဈေး မြေညီထပ် (၈'×၁၀')(၁၀)ခန်း၊**
(က)ရုံ ဆိုင်အမှတ် (၁၃၊ ၁၄၊ ၂၅၊ ၂၆၊ ၂၇၊ ၃၄၊ ၃၅)၊ ပထမထပ် (၈'×၁၀')၊ (က)ရုံ (၅၀)၊ တိုးချဲ့(၁၁၊၁၉)

(ည) **စိန်ပန်းဈေး အတည်ဆိုင်ခန်း(၂၃)ခန်း**
ဈေးအရှေ့ဘက်ခြမ်း(၇'×၈') ၊ (၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)
ဈေးတောင်ဘက်ခြမ်း(၆'×၈') (၂၊ ၆၊ ၇၊ ၈၊ ၁၀၊ ၁၁၊ ၁၅၊ ၁၆)

(ဋ) **မြနန္ဒာဈေး (၆'×၆') အတည်ဆိုင်ခန်း(၉)ခန်း**
E (၃၀၊ ၄၇၊ ၄၈၊ ၄၉၊ ၆၆၊ ၆၇၊ ၆၉၊ ၈၀၊ ၈၁)

(ဌ) **မြရည်နန္ဒာဈေး (၈'×၁၀') အတည်ဆိုင်ခန်း(၃)ခန်း**
E (၄၂၊ ၅၄၊ ၅၉)

(ဍ) **မြို့ဟောင်းဈေး (၆'×၆') အတည်ဆိုင်ခန်း(၁)ခန်း**
ဓ(၅)

(ဎ) **စက်မှု-၂ ဈေး၊ (၈×၁၀)ပေ အတည်ဆိုင်ခန်း(၆၄)ခန်း**
A ရုံ ဆိုင်အမှတ် (၂၊ ၃၊ ၄၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၁၄၊ ၁၅)
C ရုံ ဆိုင်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)
D ရုံ ဆိုင်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄)

၂။ အတည်ဆိုင်ခန်းလွတ်များကို ဝယ်ယူလိုပါက လေလံလျှောက်လွှာများအား တစ်စောင်လျှင် ငွေကျပ် ၁၀,၀၀၀/-နှုန်းဖြင့် (၂၆-၉-၂၀၂၅)ရက်နေ့မှ (၁၃-၁၀-၂၀၂၅)ရက်နေ့အထိ နံနက်(၁၀:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအတွင်း ဈေးနှင့်သားသတ်ဌာနတွင် ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံလျှောက်လွှာများကို (၁၇-၁၀-၂၀၂၅)ရက်နေ့ ညနေ(၃:၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည် တင်သွင်းရမည်ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ၃၁ လမ်း (၇၂×၇၃)လမ်းကြားရှိ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးရုံးခန်းသို့ လူကိုယ်တိုင်သော် လည်းကောင်း၊ ၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇ နှင့် ၀၉-၆၈၈၈၉၅၂၁၇ သို့ ဖုန်းဖြင့်သော် လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(ဃ)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ အစိုးရ အမည်ပေါက်မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်အား တရားဝင်ပိုင်ဆိုင်ထားကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဘယ်(လ်)ကူမာရိုင်း(ခ)ဘား(လ်)ကူးမာ၏ သား၊ သမီးများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကံချွန်(ဘ)ဦးထွန်းတင်(၅/စကန(နိုင်)၁၂၅၈၅၉)မှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သွယ်သွယ်လှိုင် | ဒေါ်မြစန္ဒာ | ဒေါ်အေးအေးမော် |
|---|---|---|
| (စဉ်/၉၄၃၆) | (စဉ်/၁၁၂၁၀) | (စဉ်/၁၇၇၄၃) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၂၅က၊ ၃၅(ဘီ)လမ်း၊ ၆၃လမ်းနှင့်၆၄လမ်းကြား၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၁၂၀၄၄၊ ၀၉-၆၆၉၉၇၄၇၀၆၊ ၀၉-၇၈၀၂၄၆၅၉၁၊ ၀၉-၄၀၂၆၅၄၂၈၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်အမှတ်(၆၉-ခ+၇၆-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၈+၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ကုန်ထိုင်လာ(ဘ)ဦးရှီလော(၅/ခတန(နိုင်)၀၂၁၁၉၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ ဦးပိုင်အမှတ် (၂/၁)၊ ဧရိယာ(၁၆×၇၀)ပေ အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်သည် ဦးသိန်းကြွယ် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးသိန်းကြွယ်သည် ဒေါ်အမာနှင့် အိမ်ထောင်ကျပြီး သမီးများဖြစ်ကြသည့် (၁)ဒေါ်မြမြဆွေ၊ (၂)ဒေါ်ညွန့်ညွန့်ဝေ၊ (၃)ဒေါ်ဆွေဆွေဝင်း၊ (၄)ဒေါ်မေရီဆွေ၊ (၅)ဒေါ်မိမိဆွေနှင့်(၆)ဒေါ်စန္ဒာထွေးတို့ကို မွေးဖွားခဲ့ပါသည်။ ဖခင် ဦးသိန်းကြွယ်သည် (၃-၈- ၂၀၂၅)ရက်ကလည်းကောင်း၊ မိခင် ဒေါ်အမာသည် (၂၀၁၈)ခုနှစ်ကလည်းကောင်း ကွယ်လွန်ခဲ့ပြီးဖြစ်ရာ အမွေစားအမွေခံအဖြစ် ဒေါ်မြမြဆွေပါ(၆)ဦးသာ ကျန်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ ဒေါ်မြမြဆွေပါ(၆)ဦးသိရှိခြင်းမရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းသည့် စာချုပ်စာတမ်းများ၊ အမွေဆက်ခံစာချုပ် ချုပ်ဆိုခြင်းများ၊ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| (၁) ဒေါ်မြမြဆွေ | (၂) ဒေါ်ညွန့်ညွန့်ဝေ | (၃) ဒေါ်ဆွေဆွေဝင်း |
|---|---|---|
| (၉/မနမ(နိုင်)၀၂၉၅၁၅) | (၉/မနမ(နိုင်)၀၂၉၈၃၁) | (၉/မနမ(နိုင်)၀၂၉၄၂၁) |
| (၄)ဒေါ်မေရီဆွေ | (၅) ဒေါ်မိမိဆွေ | (၆) ဒေါ်စန္ဒာထွေး |
| (၉/မနမ(နိုင်)၀၂၉၀၇၇) | (၉/မနမ(နိုင်)၀၁၈၉၁၂) | (၉/အမဇ(နိုင်)၀၁၅၆၁၆) |

**အကွက်(၅၁)၊ အမရဌာနီအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံခရိုင်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၇၄၄၉၂၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂)၊ ဦးပိုင်နံပါတ်(၁၀၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးသိန်းဌေး အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်သန်း(ဘ)ဦးလှခေါင်(WLT-၁၀၀၀၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစ်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၇)၊ ဦးပိုင်နံပါတ်(၁၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်စိန်စိန်ရီ အမည်ပေါက် ဂရန်မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခမ်းဟန်(ဘ)ဦးအောင်ဆာ(၁၃/ကခန(နိုင်)၀၁၆၆၇၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစ်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

❖ ထို့ကြောင့် ဒေသရှိအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက်သာမက နောင်တွင်ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအထိ အောင်မြင်မှုများရရှိအောင် မျှော်မှန်းကြိုးစား

**ရန်ကုန် စက်တင်ဘာ ၁၄**

ဒုတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူးများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သွားရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် လေ့ကျင့်ရမည့် ကွင်းအနေအထား၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရမည့် ကွင်းအနေအထားတို့ကို ကြိုတင်လေ့လာထားစေလိုကြောင်း၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက်သာမက နောင်တွင်ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအထိ အောင်မြင်မှုများရရှိအောင် မျှော်မှန်းကြိုးစားစေလိုကြောင်း၊ ယခုပြိုင်ပွဲအတွက် လေ့ကျင့်ရေးနှင့် ပြိုင်ပွဲသုံး အထောက်အကူပြုပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကြိုတင်ပေါင်းစပ်ဆောင်ရွက်ထားစေလိုကြောင်း၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနားသို့ အားကစားနည်းများအားလုံး စုံစုံလင်လင် တက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်လိုအပ်ကြောင်း ပြောကြားသည်။ (အပေါ်ပုံ)



ထို့နောက် တက်ရောက်လာသော မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုပိုင်းဆိုင်ရာ စီမံခန့်ခွဲထားရှိမှု၊ ပြိုင်ပွဲသို့ သွားရောက်မည့် အုပ်ချုပ်၊ နည်းပြ၊ အားကစားသမားများ၏ အင်အားစာရင်း၊ ဒိုင်လူကြီး တာဝန်ထမ်းဆောင်မှု၊ ပြည်ပနိုင်ငံများသို့ ပူးတွဲလေ့ကျင့်မှု (Joint Training) သွားရောက်ခဲ့မှု၊ မျှော်မှန်းထားသည့် ဆုတံဆိပ်ရရှိမှု၊ မိမိအစီအစဉ်ဖြင့် သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ၏ သွားလာနေထိုင်ရေးနှင့် လေ့ကျင့်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

## ပုဂံ-ညောင်ဦး ရွှေဟောင်းယဉ်ကျေးမှုနယ်မြေ ဘုရားဖူးလာရောက်သူများ လက်အလှပန်းချီဆွဲမှု များပြားလာ



**ညောင်ဦး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံ-ညောင်ဦး ရွှေဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများ ဘုရား၊ စေတီ၊ သာသနိကအဆောက်အအုံ ပတ်ဝန်းကျင်၌ ဖွင့်လှစ်ထားသည့် လက်အလှပန်းချီဆိုင်များတွင် လက်အလှပန်းချီဆွဲမှု များပြားလာခြင်းကြောင့် မိသားစုဝင်ငွေ အထိုက်အလျောက် ရရှိလာကြောင်း ဆင်ဖြူရှင်ကျောင်းတိုက်ကားရပ်နားကွင်းတွင် လက်အလှပန်းချီရေးဆွဲနေသည့် ဦးနိုင်ဝင်းထံမှ သိရသည်။

ပုဂံ-ညောင်ဦး ရွှေဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူး၊ လေ့လာရေး လာရောက်သူများပြားလာခဲ့ပြီး မြင်းလှည်းအငှားလိုက်သူများ၊ အီးဗိုက်အငှားလိုက်သူများ တဖြည်းဖြည်းများလာကြောင်း၊ မိသားစုဝင်ငွေ ဖြည့်တင်းလာနိုင်ခြင်းနှင့်အတူ နောက်ထပ် ပြည်တွင်းဘုရားဖူးများ များလာခြင်းဖြင့် ပုဂံ-ညောင်ဦး ဒေသခံများ စီးပွားရေး ပြန်လည်အဆင်ပြေလာနိုင်ကြောင်း လက်အလှပန်းချီရေးဆွဲနေသည့် ဦးတင်စိုးက ရှင်းပြသည်။

ပုဂံဒေသတွင် လက်အလှပန်းချီရေးဆွဲမှုများ ခေတ်စားနေခဲ့ရာ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ လက်အလှပန်းချီရေးခြယ်မှု မြင့်တက်လာနေပြီး ပုံစံအမျိုးမျိုးဖြင့် ရေးဆွဲကြကြောင်း၊ မိန်းကလေး၊ ယောကျ်ားလေး၊ လူကြီး၊ လူငယ်၊ လူလတ်များအားလုံး လက်ရေးပန်းချီ တတ်မြောက်ကြကာ တစ်ထောင့်ငါးရာကျပ်မှ ငါးထောင်ကျပ်တန်အထိ လက်အလှပန်းချီဆွဲပေးကြကြောင်း၊ တစ်ရက်ခံ၊ နှစ်ရက်ခံမှ တစ်ပတ်ခံအထိ ရေးဆွဲကြ၍ သုံးစွဲသည့် ဆေးအပေါ်မူတည်ကာ ဈေးကွာခြားကြောင်း၊ ယွန်းလုပ်ငန်းဖွံ့ဖြိုးစဉ်က ယွန်းလုပ်သမများ၊ ယွန်းလုပ်သားများ လက်အလှပန်းချီဆိုင်များ ဖွင့်လှစ်ကာ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများကလည်း လက်အလှပန်းချီ၊ လက်ဆွဲပန်းချီများ ဆွဲလာခြင်းက ပုဂံ-ညောင်ဦး မြို့ခံများ အလုပ်အကိုင်အခွင့်လမ်းများ ရရှိလာစေပြီး မိသားစုဝင်ငွေလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ကြောင်း၊ အခါကြီးရက်ကြီး လပြည့်နေ့များတွင် လက်ပန်းချီ(လက်အလှပန်းချီ) ရေးဆွဲသူများပြားလွန်းကာ လက်ပန်းချီရေးဆွဲသူများ အဆင်ပြေတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

(၄၈၁)

## FIFA / MFF U-16 Futsal Youth League 2025 ပြိုင်ပွဲတွင် Kyaung Sayar Thar Htwe FC အသင်း ဗိုလ်စွဲ

FIFA / MFF U-16 Futsal Youth League 2025 ပြိုင်ပွဲများ ပြီးဆုံးချိန်တွင် Kyaung Sayar Thar Htwe FC အသင်းသည် ရမှတ် ၆၄ မှတ်ဖြင့် ရှုံးပွဲမရှိဘဲ ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူနိုင်ခဲ့သည်။

FIFA / MFF U-16 Futsal Youth League 2025 ၏ Week 22 ပွဲစဉ်များ ပြီးဆုံးချိန်တွင် Kyaung Sayar Thar Htwe FC အသင်းက ချန်ပီယံဆု၊ Pacific Sun Far FC အသင်းက ဒုတိယဆု၊ Golden Boys FC အသင်းက တတိယဆု၊ Victoria FC အသင်းက စတုတ္ထဆုတို့ကို အသီးသီးဆွတ်ခူးခဲ့ကြသည်။




ထို့နောက် FIFA / MFF U-16 Futsal Youth League 2025 ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးဆုကို Malikha FC အသင်းကလည်းကောင်း၊ ပြိုင်ပွဲ၏ အကောင်းဆုံး ကစားသမားဆုကို Kyaung Sayar Thar Htwe FC မှ ဇင်ကိုကိုကလည်းကောင်း၊ ပြိုင်ပွဲ၏ အကောင်းဆုံး ဂိုးသမားဆုကို Golden Boys FC အသင်းမှ ပြည့်ဘုန်းဟိန်းကလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

(NGB)

ဝ-ဝ-ဝ-ဝ